# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၂၄) ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၄) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ⊞ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်

## စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၂၃)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့အစီအစဉ်ကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးမောင်အေးထွန်း၊ ရခိုင်(၉) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် မှာ ခေါင်းမူးပြီး၊ အော့အန် နေပါ၍ ၁၀-၈-၂၀၁၂ ရက်နေ့ကို ခွင့် တစ်ရက် အဖြစ် သတ်မှတ်ခွင့်ပြုပေးပါရန် ၎င်း၏ ကိုယ်စား ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးမောင်အေးထွန်း က လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် သည် သွားကိုက်နေပါ၍ သွားဆရာဝန်ဖြင့် သွားရောက်တွေ့ဆုံ ကုသရန်ရှိပါသဖြင့် ယနေ့ ၁၀-၈-၂၀၁၂ နေ့၊ တစ်ရက်အား ခွင့်အဖြစ် ခွင့်ပြုနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ ကျွန်မ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် မှ ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ဦးပေါလ်ထန်ထိုင်း ၊ ချင်း(၃)တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဖင်သာဘိတ် သည် မျက်စိ စစ်ဆေးကုသရန် ရှိပါသဖြင့် ယနေ့ ဩဂုတ်လ (၁၀)ရက်နေ့ တစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော် ဦးပေါလ်ထန်ထိုင်းမှ တင်ပြပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ဦးပေါ်လျှံလွင်၊ ချင်း (၉)တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့ယိန်း သည် ခုတင်(၁၀၀၀) တွင် ဆေးကုသရန် ရှိပါသဖြင့် ၎င်း၏ကိုယ်စား ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ခွင့်တစ်ရက် သတ်မှတ်ပေး ပါရန် တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ဦးမနားနိုင်း၊ ချင်း(၁၀) တင်ပြပါ။

**အချိန်၊ ၁၀း၁၆။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဟာ ကျန်းမာရေးမကောင်းတဲ့အတွက် ဆေးရုံသို့ ပြသလိုပါသဖြင့် ယနေ့ ၁၀-၈-၂၀၁၂ တစ်ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန်

ယင်း၏ကိုယ်စား ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁၀)၊ လွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း က လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အမှတ်(၃)လမ်းမကြီးအား (၄)လမ်းသွားလမ်းမကြီးအဖြစ် အမြန်တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အမှတ်(၃)လမ်းမကြီးအား (၄)လမ်းသွားလမ်းမကြီးအဖြစ် အမြန်တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့်တကွ ဧည့်သည်တော်များအားလုံးကို နှလုံးစိတ်ဝမ်း

အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အတွင်းမှာရှိတဲ့ အမှတ်(၃)လမ်းမကြီးဟာ (၂)လမ်းသွား ကတ္တရာလမ်းဖြစ်ပြီးတော့ လမ်းကျဉ်းမြောင်းပြီး မကြာခဏ ယာဉ်တိုက်မှုတွေ ဖြစ်ပွားနေတဲ့အတွက် အသက်အန္တရာယ် ဆုံးရှုံးပျက်စီးမှုများ ကြုံတွေ့နေရတဲ့အချိန် ဖြစ်တယ်။ ဖြစ်တာမို့လို့ (၄)လမ်းသွား လမ်းမကြီး၊ ဒါမှမဟုတ်လည်း (၆)လမ်းသွား လမ်းမကြီးအဖြစ်နဲ့ တိုးချဲ့ပြုပြင်ဖောက်လုပ် ပေးနိုင်ဖို့အတွက် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု ကျွန်တော် တင်ပြမေးမြန်းမယ့် အမှတ်(၃)လမ်းမကြီးဟာ မြောက်ဥက္ကလာပမြို့နယ်ကနေပြီး (၆)လမ်းသွား ကွန်ကရစ် လမ်းမကြီးနဲ့ ဆက်လျက်ရှိနေပါတယ်။ တစ်ဖက်ကလည်းပဲ နေပြည်တော်၊ မန္တလေး စသဖြင့် နိုင်ငံအနှံ့အပြားကို ထွက်ခွာနိုင်တဲ့ အဝေးပြေးလမ်းမကြီး(၆)လမ်းသွားရှိနေတာ ဖြစ်နေတဲ့ အတွက် ကျွန်တော် အခုတင်ပြမယ့်လမ်းဟာ (၆)လမ်းသွားလမ်းမကြီးနှစ်ခုရဲ့ အလယ်မှာ ကျရောက်နေပြီး (၂)လမ်းသွား ဖြစ်နေတဲ့အတွက်ကြောင့် ခါးသိမ်ပြီးတော့ လမ်းအန္တရာယ် မြောက်မြားစွာ ကြုံတွေ့နေရသည့်အတွက် တင်ပြရခြင်း ဖြစ်ပါကြောင်း ဦးစွာ အစီရင်ခံအပ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့မှာရှိတဲ့ အမှတ်(၃)လမ်းမကြီးဟာ အောင်မင်္ဂလာအဝေးပြေးကနေပြီးတော့ ညောင်နှစ်ပင်လမ်းဆုံအထိ အကြမ်းဖျင်းအားဖြင့် (၉)မိုင်ခန့် ရှိနေကြောင်း သိရပါတယ်။ အဲဒီ (၉)မိုင်ခန့်ရှိတဲ့ လမ်းဟာ (၂)လမ်းသွား ကတ္တရာလမ်းဖြစ်နေပြီးတော့ ကုန်တင်ယာဉ်ကြီးတွေ၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းကနေပြီးတော့ ဝင်/ထွက်သွားလာနေကြတဲ့ ခရီးသည်တင်မှန်လုံယာဉ်ကြီးတွေ၊ ရန်ကုန်မြို့တွင်းကို ခရီးသည်များ တင်ပြီးတော့ သွားလာဆောင်ရွက်နေကြတဲ့ ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်တွေ မပြတ်မနေ အသုံးပြုနေရတဲ့ လမ်းမကြီးလည်း ဖြစ်ပါတယ်။ အဲဒီလမ်းမဟာ ကျဉ်းမြောင်းနေတဲ့အတွက်ကြောင့် မကြာခဏ ယာဉ်တိုက်မှုတွေ ဖြစ်ပွားပြီးတော့ ပြည်သူတို့ရဲ့ အသက်ဆုံးရှုံးမှုများကို ကြုံတွေ့နေရပါတယ်။

အဆိုပါလမ်းမကြီးကို ပကတိအခြေအနေအမှန်အတိုင်း တင်ပြရမယ်ဆိုရင် လမ်းတွေဟာ ပေါက်ပြဲပြီးတော့ ချိုင့်ခွက်တွေများလွန်းတယ်။ လှိုင်းတွန့်တွေများတယ်။ လမ်းပခုံးတွေဟာ နေရာအများစုမှာ လုံးဝပျက်စီးနေတာဖြစ်ပြီးတော့ ယာဥ်များတစ်စီးနဲ့ တစ်စီး တိမ်းရှောင်ဖြတ်သန်းတဲ့နေရာမှာ အလွန်ကြီးမားစွာ ကြုံတွေ့နေရကြောင်းကို ဒေသခံမိဘပြည်သူတွေနဲ့ ခရီးသွားပြည်သူတွေဟာ နေ့စဥ်အမျှ ကြုံတွေ့နေရတဲ့အတွက်ကြောင့် ပူပင်သောက ရောက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မဖြစ်မနေ တိုးချဲ့ပြင်ဆင်ပေးရမယ့် ဒီလမ်းမကြီးကို တိုးချဲ့ပြင်ဆင်ရန် တာဝန်ယူထားသည်ဆိုတဲ့ ကုမ္ပဏီတစ်ခုကို လွန်ခဲ့တဲ့ နှစ်ဦးကာလကနေပြီးတော့ ကျွန်တော်ကိုယ်တိုင် ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ ဒီလမ်းမကြီးကို ၂၀၁၂ ခုနှစ်၊ မတ်လအတွင်းမှာ အပြီးပြင်ဆင်သွားတော့မယ်ဆိုတဲ့အကြောင်း အခိုင်အမာ တင်ပြခဲ့တဲ့အတွက်ကြောင့် အများပြည်သူတွေကိုလည်း အလားတူ သတင်းကို ကျွန်တော် ပြန်ကြားနိုင်ခဲ့ပါတယ်။ သို့ပေမယ့်လည်း ယနေ့တိုင် အဲဒီအမှတ်(၃)လမ်းမကြီးကို အကောင်အထည်ဖော်ဆောင်ရွက်မယ့် အရေးလက္ခဏာ တစ်စုံတစ်ရာ မတွေ့ရတဲ့အတွက် မိဘပြည်သူတွေဟာ ပူပင်သောက ဆက်လက် ရှိနေကြတာဖြစ်ပြီး၊ ဒီလိုဖြစ်နေပေမယ့် မြို့ဝင်ဂိတ်ကနေပြီးတော့ လမ်းအသုံးပြုခကို ဂိတ်ကြေးပုံမှန်ကောက်ယူနေကြောင်းကိုလည်း ကြားသိမြင်တွေ့နေရတာ ဖြစ်ပါတယ်။ ဒေသခံခရီးသွားပြည်သူများအနေနဲ့ ဒေသခံများ၊ ခရီးသွားပြည်သူများအနေနဲ့ ဒီလမ်းမကြီးဟာ အမှန်တကယ် တိုးချဲ့ပြင်ဆင်ပေးရန် လိုအပ်နေပါလျက် မည်သူ့တွင် တာဝန်ရှိသည်ကို မသိကြတော့ဘဲနဲ့ တစ်နေ့တစ်ခြား ပျက်စီးယိုယွင်းလာနေတဲ့ ဒီအမှတ်(၃) လမ်းမကြီးကို (၄)လမ်းသွား သို့မဟုတ် (၆) လမ်းသွား လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ ဆောင်ရွက်ပေးနိုင်မည့်ပုဂ္ဂိုလ်များကို ပူပင်သောကများစွာဖြင့် စောင့်မျှော်လျက် ရှိနေကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖော်ပြပါ ပြည်သူ့အသံ၊ ဖြစ်ရပ်မှန် အကြောင်းအချက်များကို အခြေခံပြီး မင်္ဂလာဒုံမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ (၂)လမ်းသွား အမှတ်(၃)ကတ္တရာလမ်းမကြီးကို (၄)လမ်းသွား ဒါမှမဟုတ် (၆)လမ်းသွား လမ်းမကြီးအဖြစ် အမြန်ဆုံး တိုးချဲ့ပြုပြင်ဖောက်လုပ်ပေးသွားရန် အစီအစဥ် ရှိ/မရှိနဲ့ အစီအစဥ် ရှိမည်ဆိုပါက မည်သည့်ကာလလောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို

ပြန်လည်ဖြေကြားပေးနိုင်ပါရန် အများပြည်သူတွေအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည် ခင်ဗျား။

**ပခုက္ကူ-ဆိပ်ဖြူလမ်းပိုင်းပေါ်ရှိ ကျစ်ချောင်းအား ဖြတ်သန်းရန် သံကူကွန်ကရစ်တံတား သို့မဟုတ် ကျောက်စီရေကျော်လမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူ-ဆိပ်ဖြူလမ်းပိုင်းပေါ်ရှိ ကျစ်ချောင်းအား ဖြတ်သန်းရန် သံကူကွန်ကရစ်တံတား သို့မဟုတ် ကျောက်စီရေကျော်လမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့ ဆက်သွယ်သွားလာတဲ့ လမ်းပိုင်းမှာတည်ရှိတဲ့ ကျစ်ချောင်းအား ဖြတ်ကျော်နိုင်တဲ့ သံကူကွန်ကရစ်တံတား သို့မဟုတ် ကျောက်စီရေကျော် အား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဆောင်ရွက်ရန် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးခွန်းအား မဲဆန္ဒရှင်ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့တို့အား ဆက်သွယ်သွားလာတဲ့ ပခုက္ကူ-ဆိပ်ဖြူကားလမ်းမကြီးပေါ်မှာ ဆိပ်ဖြူမြို့နဲ့ (၁၂)မိုင်အကွာမှာ ပေ(၉၀၀)အကျယ်ရှိတဲ့ ကျစ်ချောင်း တည်ရှိပါတယ်။ ၎င်းကျစ်ချောင်းဟာ မိုးတွင်းကာလ မိုးရွာသွန်းပြီဆိုလို့ရှိရင် (၁၅)ရက်ခန့်

ချောင်းအား ဖြတ်သန်းဖောက်လုပ်ထားတဲ့ ကားလမ်းမမှာ ပျက်စီးပြီး သွားရေးလာရေး အခက်အခဲများနှင့် ကြုံတွေ့ကြရပါတယ်။ ၎င်းကျစ်ချောင်းရဲ့တစ်ဖက်မှာ ဆိပ်ဖြူမြို့နယ်မှာ ကျေးရွာအုပ်စု(၁၃)အုပ်စုနဲ့ ကျေးရွာပေါင်း(၅၁)ရွာတည်ရှိပြီး မိုးတွင်းကာလမှာ ၎င်းချောင်းရေ ကျရောက်ပါက ဆိပ်ဖြူမြို့နှင့် ဆက်သွယ်မှုများ ပြတ်တောက်ကြရပါတယ်။ ပေါက်မြို့နယ်နဲ့ မြိုင်မြို့နယ်များမှာ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်ယန္တရားကြီးများနဲ့ စက်ပစ္စည်းသယ်ပို့တဲ့ ယာဉ်ကြီးများဟာလည်း ၎င်းလမ်းပိုင်းကို အသုံးပြု ကြရပါတယ်။ မိုးတွင်းကာလမှာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး မော်တော်ယာဉ်ကြီးများ၊ စက်ယန္တရားသယ်ပို့တဲ့ယာဉ်ကြီးများအား ဒေသခံပြည်သူများ သွားရေးလာရေး အခက်အခဲများ နှင့် ကြုံတွေ့နေရပါသဖြင့် ၎င်းကျစ်ချောင်းအား ဖြတ်သန်းသွားလာနိုင်ရန်အတွက် သံကူကွန် ကရစ်တံတား သို့မဟုတ် ကျောက်စီရေကျော်လမ်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဆောင်ရွက်ရန် ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။

**စံချိန်မမီသည့် ကတ္တားများကြောင့် ကုန်စည်စီးဆင်းမှု အဟန့်အတားများ ရှိနေခြင်းကိစ္စနဲ့ စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က စံချိန်မမီသည့် ကတ္တားများကြောင့် ကုန်စည်စီးဆင်းမှု အဟန့်အတားများ ရှိနေခြင်းကိစ္စနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့် မေးခွန်းတွေဟာ လမ်း၊ တံတား၊ ဂိတ်များကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း

ကျွန်တော့်ရှေ့မှာ ဒါ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာရော၊ ပြည်သူ့လွှတ်တော်မှာရော မေးမြန်းတဲ့ကိစ္စတွေ အများကြီး ဖြစ်ပေါ်နေပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ လိုအပ်တဲ့အတွက် ကျွန်တော်တို့ဒေသက ကျွန်တော်တို့ရဲ့ ပြည်သူလူထုရဲ့ ခံစားနေရတာလေး တွေကို သိစေချင်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီး ဌာနကို အပြစ်တင်တဲ့ သဘောလည်း မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ လမ်း၊ တံတား၊ ဂိတ်များ ကိစ္စကို အနည်းငယ် ကျွန်တော်အနည်းငယ် ဆွေးနွေးလိုပါတယ်။

ယခုအခါမှာ နိုင်ငံတော်က နိုင်ငံတကာစံနှုန်းတွေ၊ ASEAN စံနှုန်းတွေနဲ့အညီ လမ်း၊ တံတားများကိစ⊞စ ဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက် များစွာ နှစ်ထောင်းအားရ ဖြစ်မိ ပါတယ်။ ကုန်တင်ကားများ၊ ခရီးသည်တင်ကားများအနေနဲ့ ASEAN စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်ကုန်တန်ချိန်အတိုင်း ပြေးဆွဲခွင့်ပြုနေပါတယ်။ လမ်းမကြီးများအား ရေရှည်ကောင်းမွန် ခိုင်ခံ့မှုကို အထောက်အကူပြုစေပြီး ယာဉ်မတော်တဆမှုများလည်း လျော့နည်းသွားမည် ဖြစ်တဲ့အတွက် များစွာ ဝမ်းသာကျေနပ်မိပါတယ်။ သို့သော်လည်း အချို့သော လမ်း၊ တံတားဂိတ်များအပေါ်မှာ ဌာနမှချမှတ်ထားတဲ့ မူဝါဒများနဲ့၊ ဂိတ်များမှာရှိတဲ့ စံချိန်မမီတဲ့ ကတ္တားများကြောင့် ကုန်စည်စီးဆင်းမှုအဟန့်အတားများ အခက်အခဲ အနှောင့်အယှက်များ ဖြစ်ပေါ်စေပြီး ပြည်သူလူထုကို သွယ်ဝိုက်၍ ထိခိုက်လာတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ပထမ ကျွန်တော်စံချိန်မမီ ကတ္တားများကိစ္စကို ပြောချင်ပါတယ်။ ကျွန်တော်တို့ ဝင်ရိုး တစ်ချောင်းချင်း ချိန်ရတဲ့ကတ္တားဆိုတာဟာ စံချိန်မမီကတ္တား လို့ ပြောလိုပါတယ်။ ယာဉ်အလေးချိန်ကို ဝင်ရိုးတစ်ခုချင်း ချိန်တဲ့အခါမှာ အလေးချိန်မှန်ဖို့ ခက်ခဲပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ လူကို ချိန်တဲ့ ပေါင်ချိန်၊ ချိန်တဲ့ကိရိယာ၊ ခြေထောက်တစ်ဖက်ချင်း တက်ပြီး ချိန်ကြည့်ပါ။ ဘယ်လိုမှ ဒါ လူရဲ့ပေါင်ချိန်အမှန် မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ကျွန်တော့်အနေနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ကလေးမြို့၊ ကလေးဝ ကားလမ်းပေါ်မှာ ကျွန်တော်တို့ ကတ္တား(၃)ခု ရှိပါတယ်။ တံတားကတ္တား(၂)ခုရှိပါတယ်။ လမ်းကတ္တား(၁)ခု ရှိပါတယ်။ အဲဒီတော့ သူက ဒီ အားလုံးဟာ ဝင်ရိုးတစ်ချောင်းချင်း ချိန်ရတဲ့ကတ္တားတွေနဲ့ ချိန်ပါတယ်။ အဲဒီတော့ အလေးချိန်ကလည်း အမြဲတမ်း(၃)မျိုး ထွက်ပါတယ်။ ကွာခြားမှုကလည်း ကျွန်တော်တို့ နည်းနည်းပါးပါး မဟုတ်ပါဘူး။ (၂)တန်ကနေ (၅)တန်အထိ ကွာခြားလေ့ ရှိပါ

တယ်။ အဲဒီလိုကွာခြားတဲ့အခါမှာ ဂိတ်ဝန်ထမ်းများနဲ့ ကားသမားများဟာ အမြဲတမ်း အငြင်းပွား နေရပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာကတော့ အဲသလို ဂိတ်ဖွင့်တယ်ဆိုရင်၊ ဂိတ်တိုင်းမှာ Toll ဂိတ်ကြီးတွေမှာတပ်ဆင်တဲ့ ကားတစ်စီးလုံး တက်ပြီးချိန်ရတဲ့ စံချိန်မီကတ္တားမျိုး တပ်ဆင်သင့်ပါတယ်။ ကျွန်တော်တို့ ဒီကိစ္စနှင့်ပတ်သက်ပြီး လမ်း၊ တံတားဂိတ်က လုပ်ငန်းရှင် တွေနဲ့ ဆွေးနွေးကြည့်ပါတယ်။ ခင်ဗျားတို့ အဲသလို တစ်စီးလုံးချိန်ရတဲ့ ကတ္တားမျိုးနဲ့ မချိန်ဘူးလားဆိုတော့ ဒီကတ္တားတွေဟာ အင်မတန် တန်ဖိုးကြီးပါတယ်တဲ့။ နောက်ပြီးတော့ သူတို့အနေနဲ့ ဒီဂိတ်ကို တစ်နှစ်(၁)ကြိမ် မဲစနစ်နဲ့ ပေးရတာ၊ ယူရတာဖြစ်တဲ့အတွက် ဒါတစ်နှစ်မှာ တစ်ကြိမ် နေရာပြောင်းရတာဖြစ်တဲ့အတွက် ဒီကတ္တားကြီးတွေကို သူတို့ တပ်ဆင် ပေးလို့ မဖြစ်နိုင်ပါဘူး။ ဒီကတ္တားကြီးတွေဟာ တစ်နေရာနဲ့တစ်နေရာ ပြောင်းရွှေ့ရတဲ့ စရိတ်က အင်မတန်ကြီးတဲ့အတွက် ဒါ ကျွန်တော်တို့အနေနဲ့ ဒီ အလွယ်တကူဖြစ်တဲ့ ဝင်ရိုး တစ်ချောင်းချင်း ချိန်တဲ့ ကတ္တားကိုပဲ အသုံးပြုတာလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကလေးမြို့နဲ့ ကလေးဝဟာ (၂၄)မိုင်ပဲ ဝေးပါတယ်။ လမ်းမှာ ဂိတ်(၃)ခုရှိတဲ့အတွက် ကတ္တား(၃)ကြိမ် တက်ရပါတယ်။ ထုံးစံအတိုင်း ကားတစ်စီးမှာ အလေးချိန် (၃)မျိုး ထွက်ပါတယ်။ ဒီခရီးဟာ အချိန် တစ်နာရီသာ ကြာမြင့်တဲ့ ခရီးဖြစ်ပါတယ်။ ဒါပေမယ့် ဂိတ်(၃)ခု၊ ကတ္တား(၃)ခု တက်ရတဲ့အတွက် များစွာ အချိန်ကြန့်ကြာ သွားတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာတော့ ဒီဂိတ်(၃)ဂိတ်စလုံးကို လုပ်ငန်းရှင် တစ်ဦးတည်းကို နှစ်ရှည်ကန်ထရိုက် ပေးလိုက်ရင် မရဘူးလား။ ဒါလေး ပြောချင်ပါတယ်။ အဲဒီတော့ လုပ်ငန်းရှင်အနေနဲ့လည်း ဒါ ဂိတ်(၃)ခုမှာ စံချိန်မီကတ္တားတစ်ခုထား၊ ထားပြီးတော့ တစ်နေရာတည်းမှာ ချိန်လိုက်ရင် ကားသမားများနဲ့ အငြင်းပွားရန် မလိုတော့ဘဲ ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်သွားမှာ ဖြစ်ပါတယ်။

နောက် ကျွန်တော် ဒုတိယဆွေးနွေးချင်တဲ့ အချက်ကတော့၊ မေးမြန်းချင်တဲ့ အချက် ကတော့ ကားတင်ကုန်ပစ္စည်းများ ကန့်သတ်မှု ဖြစ်ပါတယ်။ အဲဒီတော့ ကားတင် ကုန်ပစ္စည်းများ ကန့်သတ်မှုဆိုတာ ကျွန်တော်တို့ သစ်၊ ဝါး၊ သဲ၊ ကျောက်၊ အုတ် စတဲ့ ကုန်ပစ္စည်းများ ဖြတ်သန်းလိုပါက ဌာနမှ ကြိုတင်ခွင့်ပြုချက်တောင်းရပါမယ်။ နောက်တစ်ခါ အခုနောက်ပိုင်း ကျွန်တော်တို့ ဒီမေးခွန်း မေးပြီးတဲ့အချိန်မှာ ဒီကိစ္စတွေကို သူတို့ဖြေလျှော့ပေး

တယ်လို့ ပြောပါတယ်။ သို့သော်လည်းပဲ နေ့ပိုင်း မနက်(၆)နာရီမှ ညနေ(၆)နာရီထိပဲ ဖြတ်သန်းခွင့်ပေးတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါဟာ ကျွန်တော်တို့ အထက်က ဌာနက သိချင်မှ သိပါမယ်။ ဒါဟာ ကျွန်တော်တို့ ဒီ အောက်က လုပ်ငန်းရှင်တွေ၊ ဂိတ်က လူတွေက ဆောင်ရွက်တာလည်း ဖြစ်နိုင်ပါတယ်။ သို့မဟုတ် ကျွန်တော်တို့ အဲဒီမှာ ကြီးကြပ်တဲ့ ဆောက်လုပ်ရေးဌာနက ဆောင်ရွက်တာလည်း ဖြစ်ရင်ဖြစ်နိုင်ပါတယ်။ နောက် ကျွန်တော်တို့ အဲဒီလို အချိန်ကန့်သတ်လိုက်တာဟာ ကျွန်တော်တို့ ဌာနရဲ့ မူဝါဒနဲ့တော့ မသက်ဆိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဌာနအနေနဲ့ကတော့ ဒီလမ်း အသုံးပြုပြီး၊ ဒီလမ်းပျက်စီးမှာကို ထိန်းသိမ်းဖို့အတွက်ပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ မနက် (၆)နာရီမှ ညနေ(၆)နာရီ သတ်မှတ်တာဟာ ဘာကြောင့် သတ်မှတ်ရတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရပါဘူး။

နောက်တစ်ခါ ကျွန်တော်တို့ နောက်တစ်ခု ဆွေးနွေးချင်တာကတော့ အရည်အသွေး နိမ့်တဲ့တံတားတွေမှာ တံတားကြေးကောက်ခံမှုကိစ္စ ဖြစ်ပါတယ်။ ဒါတော့ ကျွန်တော် တစ်ပြည်လုံး မှာတော့ မသိပါဘူး။ ကျွန်တော်သိတဲ့ တံတားတစ်ခုရှိပါတယ်။ ကလေးမြို့နဲ့ ဂန့်ဂေါလမ်းမှာရှိတဲ့ တော်ဝင်တံတားဖြစ် ပါတယ်။ တော်ဝင်တံတားဟာ ယာဉ်ကုန် (၁၃)တန် အောက်သာ ဖြတ်သန်းခွင့်ရတယ်လို့ တံတားကြေးကောက်ခံသူက ပြောပါတယ်။ အဲဒီတော့ ဥပမာ- တံတား မှာလည်း (၁၃)တန် သတ်မှတ်တာတော့ ရေးမထားဘူး။ သို့သော်လည်း သူကပြောပါတယ်။ အဲဒီတော့ ထုံးစံအတိုင်း ဒါကျွန်တော်တို့ ဖြတ်သန်းနိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်ရပါတယ်။ အဲဒီတော်ဝင်တံတားဟာ ကျွန်တော်တို့ မိုးများတဲ့အချိန်မှာ တံတားအောက်က ရေများတဲ့အတွက် ကွင်းလမ်းကလည်း ဖြတ်သန်းလို့ မရပါဘူး။ တန်(၃၀)ပဲ ပါပါ (၄၀)ပဲ ပါပါ၊ တံတားပေါ်ကပဲ ကျွန်တော်တို့ ဖြတ်သန်းခွင့်ရအောင် ကြိုးစားရပါတယ်။ ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာ ကတော့ တံတားတစ်ခုဟာ အရည်အသွေးမီမှသာ တံတားကြေးကောက်ခံ သင့်တယ်လို့ ထင်ပါ တယ်။ ဥပမာ - ပြောရရင်တော့ ကလေးမြို့ မြောက်ပိုင်းက အဝင်မှာ ဖောင်ကူးတံတား ရှိပါတယ်။ ဖောင်ကူးတံတားရဲ့ နဂိုက ဘေလီတံတား အခြေအနေတုန်းက ဖြတ်သန်းခ မကောက်ပါဘူး။ အခု ကွန်ကရစ်တံတားအဆင့်ကို မြှင့်ပြီးတဲ့အခါကျမှ ဖြတ်သန်းခ ကောက်ခံတဲ့အတွက် အားလုံးက ကျေကျေနပ်နပ် ရှိကြပါတယ်။

နောက်တစ်ခု ကျွန်တော်ဆွေးနွေးချင်တဲ့ ကိစ္စကတော့ အာဆီယံစံနှုန်းကိစ္စ ဖြစ်ပါတယ်။ လမ်းတံတားများနဲ့ ပတ်သက်နေတာဟာ ကျွန်တော့်အနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားမှာ နေရာတကာမှာ စံနှုန်းကို တရားသေ ဆုပ်ကိုင် မထားဖို့ လိုလားကြပါတယ်။ အာဆီယံစံနှုန်းနဲ့ ညီညွတ်တဲ့ လမ်းတံတားများ ရှိသလို သွား၍ဖြစ်ရုံ၊ ဖြတ်၍ ရရုံရှိတဲ့ လမ်းတံတားတွေက ရှိနေပါတယ်။ မူဝါဒများကို တစ်ပြေးညီ ချမှတ်မယ့်အစား ကာလဒေသပယောဂ အလိုက် အလျော့အတင်းဖြင့် ချမှတ်သွားမယ်ဆိုပါက ဒေသအလိုက်ကုန်စည်စီးဆင်းမှုများ ချောမွေ့ပြီး ပြည်သူလူထုလည်း သက်သာချောင်ချိမည် ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်း မေးဖို့အတွက် ဒီနေ့ ကြာပြီ၊ ကျွန်တော် စာကြည့်တိုက်မှာလည်း ရောက်တဲ့အခါမှာ ကျွန်တော် သတင်းစာမှာ တွေ့ပါတယ်။ မနေ့က ကျွန်တော်တို့ လမ်းတံတားအသုံးပြုတဲ့ ဂိတ်က လုပ်ငန်းရှင်များနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ဆွေးနွေးတာကို တွေ့ရပါတယ်။ အဲဒီမှာ စံချိန်မီကတ္တားများ ထားရှိဖို့၊ နောက်ပြီးတော့ လမ်းတံတားကြေးကို မှန်မှန်ကန်ကန်ကောက်ဖို့ ဆိုပြီး အစည်းအဝေးမှာ ပြောကြားတာတွေ့ရတဲ့အတွက် အထူးဝမ်းသာပါတယ်။ အခုလို ကျွန်တော်တို့ ပြည်သူလူထုအတွက် ညှိနှိုင်းဆောင်ရွက်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ မေးလိုတဲ့ မေးခွန်း ကတော့ အထက်ပါတင်ပြခဲ့သည့် စံချိန်မမီသည့် ကတ္တားများကိစ္စနဲ့ ဒေသအချို့တွင် ကိုက်ညီမှု မရှိသည့် လမ်းတံတားဖြတ်သန်းမှု မူဝါဒများအား ဖြေလျှော့ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ ဖြေလျှော့ပေးမည်ဆိုပါက မည်သည့်နည်းလမ်းဖြင့် ဖြေလျှော့ပေးမည်ကိုလည်း သိလိုပါတယ်။ ဖြေလျှော့ မပေးနိုင်ပါကလည်း ဘာကြောင့် ဖြေလျှော့မပေးနိုင်သည်ကို သိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**တနင်္သာရီမြစ်ကူးတံတားကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနှင့် လော့လော့ကျေးရွာ ဆက်သွယ်သော မြစ်ကူးတံတားကို စတင်ဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့်က တနင်္သာရီမြစ်ကူးတံတားကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်

ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနှင့် လော့လော့ကျေးရွာ ဆက်သွယ်သော မြစ်ကူးတံတားကို စတင်ဆောက်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် တနင်္သာရီမြစ်ကူးတံတားကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်နဲ့ ပတ်သက်လို့ မေးမြန်းသွား မှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ၊ တနင်္သာရီ မြို့နယ်ရှိ ၊ တနင်္သာရီ မြစ်ကူးတံတားကို လွန်ခဲ့သော(၁၂)နှစ်ခန့်က RC ဘိုးတိုင်အုတ်မြစ် သံကူကွန်ကရစ်တိုင် ဘေလီတံတားအဖြစ် ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ တနင်္သာရီမြို့နယ် မောတောင်ဒေသကို မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ခွင့် ပြုထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် တနင်္သာရီ မြစ်ကူးတံတားကို ဖြတ်ပြီးတော့ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ဘေလီတံတားမှာ ကုန်ကားကြီးများ သွားလာရန် မဖြစ်နိုင်သေးပါ။ တန်(၆၀)ထက်မနည်းတဲ့ ခံနိုင်ဝန်အား ရှိစေရေးအတွက် သံကူကွန်ကရစ်ယက်မနှင့် ကြမ်းခင်းများကို အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် တနင်္သာရီမြစ်ကူးတံတားကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါလျှင် မည်သည့်အချိန်အခါတွင် ဆောင်ရွက်ပေးနိုင်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မြိတ်မြို့နယ် သမုတ်ကျေးရွာနဲ့ လော့လော့ကျေးရွာကို ဆက်သွယ်သော မြစ်ကူးတံတားကို ဆောက်ရွက်နိုင်မည့် အခြေအနေကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြိတ်မြို့မှ ထားဝယ်-ရန်ကုန်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ သမုတ်မြစ်ကို ဖြတ်ကူးတဲ့ တံတားမရှိတဲ့အတွက် ပြည်သူများအနေဖြင့် ဒီရေ အတက်/အကျကို စောင့်ပြီး ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာနေရပါတယ်။ မြစ်ကူးတံတားတည်ဆောက်ပြီးပါက ဒေသအတွင်းမှ ထွက်ကုန်

များ၊ ပြည်တွင်းမှ ထွက်ကုန်များကို မြိတ်ခရိုင်၊ မောတောင်ဒေသနယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ အချိန်တိုအတွင်း တင်ပို့ရောင်းချသွားနိုင်မှာ ဖြစ်သလို တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် သမုတ်-လော့လော့ မြစ်ကူးတံတားတည်ဆောက်ရေး အတွက် ကွင်းဆင်းတိုင်းတာ တွက်ချက်မှုများ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနဲ့ လော့လော့ကျေးရွာ ဆက်သွယ်သော မြစ်ကူးတံတားကို မည်သည့် ဘဏ္ဍာရေးနှစ်အတွင်း စတင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်း (၁၉)မိုင်(၄)ဖာလုံ အရှည်ရှိသော နမ့်စန် - မိုင်းစစ်ကားလမ်းကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးစိုင်းကျော်ဇောသန်း က လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်း (၁၉)မိုင်(၄)ဖာလုံ အရှည်ရှိသော နမ့်စန် - မိုင်းစစ်ကားလမ်းကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ ရှေးကတည်းက ဖြစ်ချင်၊ လိုချင်နေတဲ့ဆန္ဒကို ကူညီတောင်းခံ ဖြည့်စွမ်းပေးတဲ့အနေနဲ့ ရှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းရှိ နမ့်စန်-မိုင်းစစ်ကားလမ်းကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

နမ့်စန်-မိုင်းစစ် ကားလမ်းဟာ နှစ်ပေါင်း(၆၀)ကျော်(၇၀)ခန့် ရှိပါပြီ၊ လမ်းအရှည် (၁၉)မိုင်၊ (၄)ဖာလုံရှိပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးဌာနက ထိန်းသိမ်းနေတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းမှာ ကတ္တရာလမ်း(၃)မိုင်သာရှိပြီး ကျန်တဲ့အပိုင်းတွေက ကျောက်ကြမ်းလမ်း၊ ကျောက်ချောလမ်း၊ သဲလမ်းနဲ့ အမာခံမြေသားလမ်းတို့ ဖြစ်ပါတယ်။ (၁၀)ပေအထက် တံတားမရှိပါဘူး။ မိုင်းစစ်ကျေးရွာအုပ်စုဟာ စံပြကျေးရွာတစ်ခုဖြစ်ပြီးတော့ နမ့်စန်မြို့နယ်ရဲ့ စပါးကျီ ဖြစ်ပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစတာတွေကို နမ့်စန်မြို့ဈေးကွက်ကို ပို့ဆောင်ရပါတယ်။ ဒီလမ်းကို နမ့်စန်မြို့မှာရှိတဲ့ ကားအချို့၊ မိုင်းစစ်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကားနဲ့ ထော်လာဂျီ မောင်းလိုက်ရင် တစ်နေ့ကို အသွား/အပြန် စီးရေ (၅၀)လောက်ရှိပါမယ်။ မိုင်းစစ်ကျေးရွာမှာ တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်းနဲ့ ကျေးရွာဆေးပေးခန်း တစ်ခန်းရှိပြီး၊ နယ်မြေခံ အမြောက်တပ်ရင်း တစ်ရင်းတို့ ရှိပါတယ်။ လူနေအိမ်ခြေတစ်ထောင်ကျော်နဲ့ လူဦးရေ(၅၀၀၀)ခန့်ရှိပြီး ဒီလမ်းကိုအသုံးပြုတဲ့ အနီးအနားကျေးရွာအုပ်စု ပေါင်းလိုက်ရင် လူဦးရေ တစ်သောင်းခွဲလောက်ရှိပါမယ်။

နမ့်စန်မြို့နယ်နဲ့ မိုင်းစစ်ကျေးရွာတို့ဟာ စီးပွားရေးအရ အပြန်အလှန် အမှီသဟဲ ပြုနေကြတဲ့အတွက် နမ့်စန်-မိုင်းစစ်ကားလမ်းဟာ ဒေသခံပြည်သူတွေအတွက် အကြီးအကျယ် အားထားစရာ ဖြစ်နေပါတယ်။ ဒီလမ်းကို အသုံးပြုကြ သူတွေဟာ နမ့်စန့်မြို့နေပြည်သူများ၊ မိုင်းစစ်ကျေးရွာအုပ်စုမှ ပြည်သူများ မိုင်းစစ်ကျေးရွာအနီးရှိ အခြားကျေးရွာအုပ်စု(၃)ခုရှိ ပြည်သူများအတွက် အထူးအရေးပါတဲ့ လမ်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ ပြည်သူများရဲ့ ဘဝမြင့်မားရေးအတွက် သွားလာလွယ်ကူစေအဆင်ပြေရေးကို ရှေးရှုပြီး အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကို ဖော်ပြပါမေးခွန်းကို လေးစားစွာ မေးမြန်းချင်ပါတယ်။ မေးခွန်းကတော့ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းရှိ (၁၉)မိုင်၊ (၄)ဖာလုံအရှည် နမ့်စန်-မိုင်းစစ်ကားလမ်းကို ကောင်းမွန်အောင် ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိခဲ့လျှင် ဘယ်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဦးစားပေး သတ်မှတ်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့အား ဦးစားပေး ထည့်သွင်းရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဦးစားပေး သတ်မှတ်ရာတွင် ပဲခူးတိုင်း ဒေသကြီး၊ ပြည်မြို့အား ဦးစားပေးထည့်သွင်းရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းလေးကတော့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနဲ့ ပတ်သက်ပြီးတော့ မေးသွားမယ့် မေးခွန်းလေးပဲ ဖြစ်ပါတယ်။

ဒီ ပြည်မြို့ကို ဘာကြောင့် ကိုယ်စားပြု ပြီးတော့မေးရသလဲ ဆိုတဲ့အခါကျတော့ ဒီမေးခွန်းလေးဖြစ်ရတဲ့ နောက်ကြောင်းက ကျွန်တော်တို့ ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်များ ဖြစ်တဲ့အချိန်မှာ တတိယအကြိမ်မှာ သရေခေတ္တရာမြို့ဟောင်းကို သွားရောက်ပြီးတော့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ၊ နိုင်ငံရပ်ခြားမှ ရှေးဟောင်း သုတေသနလုပ်ငန်းရပ်များနဲ့ ပတ်သက်ပြီးတော့ ပညာရှင်များ၊ ယူနက်စကိုမှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံဆွေးနွေးခွင့် ရတဲ့အခါမှာ သရေခေတ္တရာ မြို့ဟောင်းကို မြန်မာနိုင်ငံမှာ ပထမဆုံး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ဖို့အတွက် ကြိုးစားအားထုတ် လုပ်ဆောင် နေတာကို တွေ့ရတာနဲ့ စပ်လျဉ်းပြီးတော့ မြို့ပြ ပြည်မြို့နယ် နီးစပ်နေတဲ့ ဒီရှေးဟောင်း သရေခေတ္တရာမြို့ဟာ အင်မတန်မှလည်း နီးစပ်တယ်။ အဲဒီအခါမှာ ဒီကျွန်တော်တို့ ပြည်မြို့ကို တစ်ကယ်တမ်းသာ World Heritage အမွေအနှစ် ဝင်သွားခဲ့သည်ရှိသော် ကျွန်တော်တို့ မြို့ဟာလည်းပဲ လှပသာယာပြီးတော့ လာမယ့် ဧည့်သည်တွေကို ကျွန်တော်တို့ အိမ်ရှင်ကောင်း

ပီသစွာ လက်ခံနိုင်တဲ့ မြို့တစ်မြို့ဖြစ်လာရေးဟာလည်းပဲ အရေးပါလှတဲ့အတွက်ကြောင့် ဒီမေးခွန်းလေးကို ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ လက်ရှိပြည်မြို့ရဲ့ အနေအထားမှာလည်းပဲ အားသာချက်တွေ အများကြီး ရှိသလို အားနည်းချက်တွေလည်း အများကြီး ရှိပါတယ်။ တကယ်တမ်းသာ ကျွန်တော်တို့ ပြည်မြို့ ဟာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ဖြစ်လာမယ်ဆိုလို့ရှိရင် မြို့ပြနဲ့ အင်မတန်နီးကပ်နေတဲ့အတွက် အားသာချက်တွေ ရှိတယ်။ တကယ်တမ်းသာ ဒီနိုင်ငံခြားသား များ ဝင်ရောက်လေ့လာမယ်ဆိုတဲ့အခါမှာလည်း နိုင်ငံခြားဝင်ငွေတွေ ရရှိလာမှာ ဖြစ်တဲ့အတွက် ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ မီးခိုးတိတ်စက်ရုံများကို တည်ဆောက်ပြီးတော့ ညီငယ် ပြည်နယ် တွေကိုလည်းပဲ ဒီနိုင်ငံခြားဝင်ငွေတွေကနေပြီးတော့ ပံ့ပိုးပေးနိုင်တဲ့ သဘောမျိုးလေးရှိပါတယ်။ နောက် ကျွန်တော်တို့ ပြည်မြို့ရဲ့ တည်နေရာကိုကြည့်မယ်ဆိုလို့ရှိရင်လည်း ဧရာဝတီမြစ်ကမ်း နဖူးမှာ တည်ရှိပြီးတော့ ကုန်းကြောင်း၊ ရေကြောင်း၊လေကြောင်း စသည်ဖြင့် လမ်းပန်းဆက်သွယ် ရေးလည်း လွယ်ကူတဲ့အနေအထားမျိုးမှာ ရှိပါတယ်။ နောက်သင့်တင့်လျောက်ပတ်တဲ့ အဆင့်ရှိတဲ့ ဟိုတယ်၊ တည်းခိုခန်းများလည်း ရှိပါတယ်။ ဥပမာ - Mingalar Garden၊ Sweet Golden Land၊ Lucky Dragon၊ Strand Hotel၊ Smile Motel စသည်ဖြင့် အဆင့်ရှိတဲ့ ဟိုတယ်များလည်းပဲ တည်ရှိနေပါတယ်။

နောက်ကျွန်တော်တို့ ပြည်မြို့ကနေပြီးတော့ ဆက်ပြီးတော့ ရခိုင်ပြည်နယ်၊ ပေလီစသည်ဖြင့် မကွေးတိုင်း၊ မန္တလေးတိုင်း ဆက်ပြီးတော့ သွားလာမယ်ဆိုလို့ ရှိရင်လည်းပဲ ထိစပ်နေတဲ့ နယ်မြေများဖြစ်သည့်အတွက်ကြောင့် ရှေးဟောင်းအမွေအနှစ်များ ရှိရာ ပုဂံဒေသ စသည်ဖြင့် ကျွန်တော်တို့ သွားရေးလာရေးလည်း လွယ်ကူတဲ့ မြို့နယ်ဖြစ်ပါတယ်။ သို့သော်ငြား လည်းပဲ ကျွန်တော်တို့ ဒီနေရာမှာ အားနည်းချက်ကလေးရှိတဲ့အချက်က ပြည်မြို့ဟာ စီးပွားရေး ကူးသန်းရောင်းဝယ်တဲ့ နေရာမှာ အချက်အခြာကျတဲ့ မြို့တစ်မြို့ ဖြစ်သည့်အတွက်ကြောင့် လူဦးရေတွေ ထူထပ်လာတယ်။ မြို့ပေါ်ရဲ့ ဆင်ခြေဖုံးရပ်ကွက်မှာ အိမ်ခြေတွေဟာလည်း တစ်ခါတည်း သိပ်သည်းလာတဲ့အခါကျတော့ မီးရေး၊ ထင်းရေး၊ ကျန်းမာရေး စသည်ဖြင့် နေရာတွေမှာ အခက်အခဲတွေ ရှိနိုင်တယ်။ မိုးတွင်းအခါ ရေဝပ်တဲ့အခါမှာလည်း ရေမြုပ်

ဒေသတွေ ဖြစ်နေသည့်အတွက်ကြောင့် ကျန်းမာရေးနှင့် ပတ်သက်ပြီးတော့လည်းပဲ ဒါ အန္တရာယ်ရှိပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ပြည်မြို့ရဲ့ ရှေးယခင်က အင်မတန် ကောင်းခဲ့တဲ့ ရေဆိုးမြောင်းများရဲ့ ရေထုတ်တဲ့စနစ်တွေဟာလည်း ရေဆိုးမြောင်းများ တိမ်ကောလာတဲ့ အတွက်ကြောင့် ရေဆိုးမြောင်းထုတ်တဲ့စနစ်မှာလည်းပဲ အားနည်းနေသေးတယ်။ အင်မတန် သာယာလှပဖို့ ဖြစ်ပေါ်လာတဲ့ ဧရာဝတီမြစ်ကမ်းနဖူးရဲ့ သန့်ရှင်းမှုကလည်းပဲ လိုအပ်နေသေး တယ်။ ပြည်မြို့ရဲ့ အမှိုက်စွန့်ပစ်တဲ့ စနစ်တွေမှာလည်းပဲ နေရာတွေမှာ ချဲ့ရင်းချဲ့ရင်းနဲ့ ရှေးဟောင်းအမွေအနှစ်ရှိတဲ့ နယ်ပယ်အတွင်းမှာတောင်မှပဲ အမှိုက်ပုံတွေ ရှိနေသည့်အတွက် ကြောင့် အခုဆိုလို့ရှိရင် ကျွန်တော်တို့ သူတို့ရဲ့ တိုင်းတာတဲ့ အနေအထားတွေ နဲ့ အမှိုက်ပုံတွေ ကိုတောင် ရွှေ့ရတော့မယ့်အနေအထားတွေ ရှိနေပါတယ်။ အဲဒီတော့ ဒီ ကျွန်တော်တို့က ဒီမြို့ရဲ့ စည်ပင်သာယာအတွင်းမှာရှိတဲ့ ဈေးတွေ၊ လမ်းတွေ၊ ဒါတွေဟာလည်းပဲ ယာဉ် အန္တရာယ် ကင်းရှင်းရေးနဲ့ပတ်သက်တဲ့ ဆောင်ရွက်စရာတွေ အများကြီးလိုတယ်။ ဈေးနဲ့ ပတ်သက်လာ လို့ရှိရင် ခေါင်းရွက်ဗျပ်ထိုး စသည်ဖြင့် သန့်ရှင်းသာယာလှပလာဖို့ လိုအပ်တာဖြစ်တဲ့ အတွက်ကြောင့်လည်းပဲ ဒီမေးခွန်းလေးကို ကျွန်တော်မေးခဲ့ရခြင်း ဖြစ်ပါတယ်။

မေးခွန်းလေးကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ကို မြို့ပြစီမံကိန်းများ ဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အထူးအလေးထားပြီးတော့ ဦးစားပေး ဆောင်ရွက်နိုင်မယ့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းလေးကို သိရှိလိုပါကြောင်းနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းသွားတဲ့ မေးခွန်း(၆)ခုကို ရှင်းလင်း ဖြေကြားခွင့်ပြုပါခင်ဗျား။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းတဲ့ မင်္ဂလာဒုံမြို့နယ် အတွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ နှစ်လမ်းသွား ကတ္တရာလမ်းအား အမှတ်(၃)လမ်းမကြီးကို လေးလမ်းသွား လမ်းမကြီးအဖြစ် အမြန်ပြုပြင်တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိမည်ဆိုပါက မည်သည့်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းမှာ ရှိတဲ့ အမှတ်(၃)လမ်းမကြီးဟာ အရှည်(၉)မိုင် (၂)ဖာလုံ ရှိပြီးတော့ မက်စ်မြန်မာ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်ကနေ တာဝန်ယူ ဆောက်လုပ်နေတဲ့ လမ်းအပိုင်း ဖြစ်ပါတယ်။ ဒီတော့ ဒီမှာ ကျွန်တော်တို့အနေနဲ့ လမ်းများကို ပြုပြင်ဆောင်ရွက်တဲ့အခါမှာ အခြေခံအားဖြင့် မူနှစ်ခု ချမှတ်ထားပါတယ်။ ပထမမူကတော့ လမ်းပေါ်မှာ ကုန်အလေးချိန်မြောက်မြားစွာနဲ့ သွားတဲ့ အခါမှာ လမ်းရဲ့ ထု(Thickness)ကို ကျွန်တော်တို့ တိုးပေးရတာဖြစ်ပါတယ်။

ဒုတိယအခြေခံ အချက်ကတော့ ဒီလမ်းပေါ်မှာကားဦးရေ များလာတဲ့အခါမှာ အန္တရာယ် ကင်းရှင်းစေဖို့အတွက် လမ်းများကို ချဲ့ပေးရတယ်ဆိုတဲ့မူများ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီလို လမ်းများကိုချဲ့ပေးတဲ့အခါမှာလည်းပဲ ကျွန်တော်တို့က နိုင်ငံတကာက သတ်မှတ်ထားတဲ့စံချိန်၊ စံညွှန်းများဖြစ်တဲ့ တစ်နေ့ပျမ်းမျှ ယာဉ်စီးရေ ဖြတ်သန်းသွားလာမှုအပေါ်မှာ

မူတည်ပြီးတော့ ကျွန်တော်တို့ လမ်းများကို ချဲ့ပေးလျက်ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တင်ပြရရင် တစ်နေ့မှာ ကားအစီး(၅၀) အောက် သွားတဲ့လမ်းဆိုရင် ကျွန်တော်တို့ (၁၂)ပေ အကျယ်ထားပါတယ်။ (၅၀)ကနေပြီးတော့ (၂၀၀) အထိဆိုရင် ကျွန်တော်တို့ (၁၆) ပေအကျယ် ထားပါတယ်။ (၂၀၀)ကနေပြီးတော့ (၅၀၀) အထိဆိုရင် ကျွန်တော်တို့ (၁၈) ပေ ထားပါတယ်။(၅၀၀)ကနေပြီးတော့ (၁၀၀၀)အထိ ဆိုရင်(၂၂)ပေ ဖြစ်ပါတယ်။ (၁၀၀၀)က နေပြီးတော့ (၂၅၀၀)အထိဆိုရင်(၂၄)ပေ အကျယ် ဖြစ်ပါတယ်။ (၂၅၀၀)ကနေ (၅၀၀၀)အထိ ဆိုရင်(၄၈)ပေအကျယ်ထားပါတယ်။ (၅၀၀၀)နဲ့ အထက်ဆိုရင်တော့ (၇၂) ပေ (၆)လမ်းသွားကြီး အဖြစ် ကျွန်တော်တို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အခုအမှတ်(၃) လမ်းမကြီးပေါ်မှာ ဖြတ်သန်းသွားတဲ့ တစ်နေ့ပျမ်းမျှ ယာဉ်စီးရေကို ကျွန်တော်တို့ စာရင်းကောက်လိုက်တဲ့အခါမှာ (၂၈၀၆) စီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ အမှတ်(၃) လမ်းမကြီးကို လက်ရှိ(၂၂)ပေ အကျယ်ကနေပြီးတော့ (၄၈)ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောက်လုပ်သွားဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မက်စ်မြန်မာ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကို တိုးချဲ့ဆောင်ရွက်သွားဖို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်ကလည်း ဒီအမှတ်(၃)လမ်းမကြီး (၉)မိုင်(၂)ဖာလုံကို (၂၂)ပေအကျယ်ကနေပြီးတော့ (၄၈)ပေအကျယ် လမ်းတာဘောင်ချဲ့ခြင်းလုပ်ငန်းကို အခုလာမယ့်ပွင့်လင်းရာသီမှာ ဆောင်ရွက်မှာ ဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ ကတ္တရာလမ်းအဆင့်အထိ ပြီးစီးအောင်စီမံချက်ချပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦးမှ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူမြို့နယ် နဲ့ ဆိပ်ဖြူမြို့တို့ကို ဆက်သွယ်ထားတဲ့လမ်းအပိုင်းမှာ တည်ရှိနေတဲ့ ကျစ်ချောင်း အားဖြတ်သန်းနိုင်သည့် ကွန်ကရစ်တံတား သို့မဟုတ် ကျောက်စီရေကျော်အား တည်ဆောက်

ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ ဆောင်ရွက်ရန်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်မည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နဲ့ ဆိပ်ဖြူမြို့တို့ကို ဆက်သွယ်ထားတဲ့ ပခုက္ကူ - ဆိပ်ဖြူ လမ်းမိုင်တိုင်(၁၂/၂)နဲ့ (၁၂/၄) အကြားမှာ ရှိတဲ့ ပေ(၉၀၀) အကျယ်ရှိတဲ့ ကျစ်ချောင်း ရှိပါတယ်။ မိုးတွင်းအခါမှာ ချောင်းရေများဟာ ရေကျချိန်စောင့်ပြီးတော့ သွားလာနေရကြောင်းလည်း ကျွန်တော်တို့သိရှိနေရတာဖြစ်ပါတယ်။ ပခုက္ကူ - ဆိပ်ဖြူ ကားလမ်းဟာ (၂၀-၂-၂၀၁၀)နေ့ကစတင်ပြီးတော့ နှင်းသဇင်ကုမ္ပဏီမှ BOT စနစ်နဲ့ ဆောင်ရွက်နေတဲ့ လမ်းဖြစ်ပြီးတော့ လမ်းကိုချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြီးကြပ်မှုနဲ့ BOT ကုမ္ပဏီမှ လမ်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာတော့ ကျစ်ချောင်းအား ကွန်ကရစ်တံတား သို့မဟုတ် ကျောက်စီ ရေကျော် တည်ဆောက်ရန် လောလောဆယ် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်မှ အမျိုးသားလွှတ်တော်သို့ တင်သွင်းမေးမြန်းသော စံချိန်မမီသည့်ကတ္တားများကိုစွဲ၍ အချို့ဒေသနှင့် ကိုက်ညီမှုမရှိသည့် လမ်းတံတားဖြတ်သန်းမှု မူဝါဒများအား ဖြေရှင်းပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံဆောင်ရွက်မှုဖြင့်ကောက်ခံနေတဲ့လမ်းတံတားအသုံးပြုခ ကောက်ခံရေးဂိတ်များမှာ တန်ပိုတားဆီးထိန်းချုပ်ရေးအတွက် ကားတစ်စီးချင်းရဲ့အလေးချိန်ကို ကတ္တားငယ်လေးများ (Portable Weight Pad) အားအသုံးပြုလျက် ချိန်တွယ်တိုင်းတာပေးလျက် ရှိပါတယ်။ အဲဒီ ကတ္တားငယ်များကို တပ်ဆင်ရာမှာ အထိုင်မတူညီ၍ ရေပြင်ညီ မဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုပူခြင်း၊ အေးခြင်းကြောင့်လည်းကောင်း၊ ယာဉ် အတက်၊ အဆင်း ကြမ်းတမ်းခြင်း၊ ညင်သာခြင်း၊ မြန်ခြင်း၊ နှေးခြင်းများကြောင့်လည်းကောင်း၊ ချိန်တွယ်ပြီးတဲ့ ကားအရေအတွက်အနည်း၊ အများကြောင့်

လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစား ကွဲလွဲခြင်းကြောင့်လည်းကောင်း၊ ကတ္တားအသုံးပြုသည့် သက်တမ်းကြာမြင့်မှုအရ ကတ္တား တစ်ခုနဲ့ တစ်ခု တန်ချိန် အနည်းငယ် ကွဲလွဲမှုများ ရှိနိုင်ပါတယ်။

အဲဒီလိုလွဲမှားမှုများဟာလည်း (၀.၅) တန်အတွင်းသာ ရှိနိုင်ပြီးဆောက်လုပ်ရေးဝန်ကြီး ဌာနမှ ကတ္တားလွဲမှားမှုအတွက် (၀.၅) တန်အား ကင်းလွတ်ခွင့်ပေးထားပြီး ဖြစ်ပါတယ်။ ကတ္တားများမှာ အဖြေများအမှားနည်းပြီး အမှန်ရှိစေရန်အတွက် လိုက်နာဆောင်ရွက်ကြရန် စီစဉ် ညွှန်ကြားထားမှုများကတော့ (၁) ယာဉ်မောင်းများကတ္တားပေါ်သို့ ညင်သာစွာ ညွှန်ကြားထား သည့်အတိုင်း ကတ္တားပေါ်သို့တက်ရန်အတွက် Slow Down ခေါ်တဲ့ လမ်းတားများ ပြုလုပ်ထားရန် ဖြစ်ပါတယ်။ (၂) ကတ္တားများအား သတ်မှတ်အချိန်အတိုင်း ကြံ့ခိုင်ရေး၊ ထိန်းသိမ်းရေးဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ (၃) ကတ္တားထုတ်လုပ်သော ကုမ္ပဏီများမှ ကျွမ်းကျင်ဝန်ထမ်းများ အမြဲမပြတ် လှည့်လည်စစ်ဆေးပေးရန် ဖြစ်ပါတယ်။ (၄) ကတ္တားများအား ရေပြင်ညီတွင်တည်ငြိမ်မှုရရန် စနစ်တကျ အထိုင်ချထားရန် ဖြစ်ပါတယ်။ (၅) ယာဉ်စီးရေများသော ယာဉ်ကြောများမှာ ကတ္တားများတစ်ခုမက ပိုမိုထားရှိရန်နဲ့ ကတ္တားများ အပိုဆောင်းထားရန်ဖြစ်ပါတယ်။ (၆) ရေရှည်မှာ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး အတွက် (Digital) စနစ်ဖြင့် စံကတ္တားကြီးများ တည်ဆောက်သွားရန် တို့ကိုညွှန်ကြားပြီး ဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကားပေါ်တွင်တင်တဲ့ ကုန်ပစ္စည်းများနဲ့ပတ်သက်ပြီးတော့ မည်သည့်ကန့်သတ်ချက်မှ မရှိပါဘူး ခင်ဗျား။ ပြည်သူ့ဆောက်လုပ်ရေး လမ်းပေါ်မှာ သစ်၊ ဝါး၊ သဲ၊ ကျောက်၊ အုတ် စတဲ့ ကုန်ပစ္စည်းများ ဖြတ်သန်းသယ်ယူလိုပါက ဌာနမှ ကြိုတင်ခွင့်ပြုချက် တောင်းခံရန်လည်း မလိုပါဘူး ခင်ဗျား။ သံချောင်း၊ ဘိလပ်မြေ ကားကြီးများကိုလည်း တန်ပိုခွင့်မပြုဘဲ သတ်မှတ်တန်ချိန်အတိုင်းသာ ခွင့်ပြုထားပြီး ခြောက်ဘီးကား၊ ထော်လာဂျီနဲ့ ဒိုင်နာကားငယ်များကိုလည်း သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ပါက သဲတင်သည်ဖြစ်စေ၊ ကျောက်တင်သည်ဖြစ်စေ၊ တားမြစ်ထားခြင်းမရှိဘဲ ခွင့်ပြုထားပါတယ် ခင်ဗျား။ နံနက်(၆)နာရီမှ ညနေ (၆)အထိ ဆိုတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ သစ်လုပ်ငန်းတို့ ညှိနှိုင်းတဲ့အခါမှာ ဒီလိုမိုးရာသီကာလမှာ သစ်လုပ်ငန်းအနေနဲ့ သစ်ကွင်းများကသစ်များကို စုဆောင်းပြီးတော့ မိုးတွင်းကာလမှာလမ်းပေါ်

ကို ဖြတ်သယ်တဲ့အတွက် လမ်းများအဆမတန်ပျက်စီးတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနကနေ မေတ္တာရပ်ခံ ထားပါတယ်။ ဒီသစ်များကို မိုးတွင်းအခါမှာ သယ်ယူခြင်းမပြုဘဲ နွေကာလမှာ သယ်ယူဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီလို မေတ္တာရပ်ခံခဲ့တဲ့အခါမှာ မြန်မာ့သစ်လုပ်ငန်းက နေပြီးတော့ ပြန်လည်တင်ပြလာပါတယ်။ ဒီသစ်များကို သတ်မှတ်ထားတဲ့ တန်ချိန်အတိုင်း သယ်ယူပါ့မယ်။ မနက်(၆)နာရီကနေ ည(၆)နာရီ အတွင်းသာ သယ်ယူမှာဖြစ်ပါတယ်။ ဒီအချိန်ကကျော်တဲ့ သစ်မှန်သမျှကို မှောင်ခိုသစ်လို့ သတ်မှတ်ပြီး ဖမ်းဆီးအရေးယူပါဆိုပြီးတော့ ဒါကိုကျွန်တော်တို့ Seminar တစ်ခုပြုလုပ်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်လုံးတင် ကုမ္ပဏီများနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဒီလို မနက်(၆) နာရီ ကနေ ည(၆)နာရီအထိ သတ်မှတ်တဲ့ကိစ္စဟာ ကုန်အားလုံးကို ၊ ပစ္စည်းအားလုံးကို သတ်မှတ်ခြင်း မဟုတ်ဘဲ သစ်လုံးတင်ယာဉ်များကိုသာ သတ်မှတ်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ တံတားဖြတ်သန်းခ ကောက်ခံရာမှာလည်း တံတားခံနိုင်ဝန်၊ တံတား အမျိုးအစားပေါ် မူတည်ခွဲခြားသတ်မှတ်ခြင်းမျိုး မရှိဘဲနှင့် တံတားအရှည်ကို မူတည်ပြီးတော့သာ ကျွန်တော်တို့ အဆင့်(၄)ဆင့် ခွဲပြီးတော့ ဈေးနှုန်းသတ်မှတ်ကောက်ခံ ထားတာဖြစ်ပါတယ်။ အဲဒီလို သတ်မှတ်တဲ့ အခါမှာလည်း ပေ(၁၈၀) အောက်တံတားများကို ကျွန်တော်တို့ လုံးဝကောက်ခံခြင်း မရှိပါဘူး။ အဲဒီတော့ ကောက်ခံတဲ့အဆင့်(၄) ဆင့်မှာတော့ ပထမအဆင့်မှာ ပေ (၁၈၀) ကနေပြီးတော့ ပေ(၁၀၀၀) အောက်တံတားတွေကို (ဃ)အဆင့် သာမန်တံတားအနေနဲ့ ကောက်ခံပါတယ်။ ဒုတိယအဆင့်မှာ ပေ (၁၀၀၀) ကနေ ပေ(၅၀၀၀) အထိ (ဂ)အဆင့်လို့ သတ်မှတ်ပြီးတော့ စီမံကိန်းတံတားများ ကိုကောက်ခံတာ ဖြစ်ပါတယ်။ တတိယမှာ ပေ(၅၀၀၀)ကနေ ပေ(၈၀၀၀)အောက် တံတားများကို (ခ)အဆင့်စီမံကိန်း တံတားတွေအနေနဲ့ ကောက်ခံတာ ဖြစ်ပါတယ်။ စတုတ္ထအဆင့်မှာတော့ ပေ (၈၀၀၀) အထက် တံတားများကို (က) အဆင့်စီမံကိန်းဝင် တံတားများလို့ ဆိုပြီးတော့ ခွဲခြားပြီး ဈေးနှုန်းသတ်မှတ် ကောက်ခံလျက်ရှိပါတယ်။

ကလေး-ဂန့်ဂေါ လမ်းပေါ်မှာရှိတဲ့ တော်ဝင်တံတားဟာ သစ်သား၊ RC၊ RPT စတဲ့ သုံးမျိုးသုံးစား ပါဝင်တဲ့ တံတား အမျိုးအစား ဖြစ်ပါတယ်။ တံတားရဲ့အရှည်ဟာ (၄၀၈)ပေ ရှိပါတယ်။ ဒါကြောင့်မို့ ဒီတံတားကို (ဃ)အဆင့် တံတားအဖြစ် သတ်မှတ်တာဖြစ်ပါတယ်။

တံတားရဲ့ခံနိုင်ဝန်ကလည်း (၁၃)တန် ဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်တို့ ဖောင်ကူးတံတားနဲ့ ပတ်သက်ပြီးတော့ တင်ပြရရင် အရှည်(၂၇၀)ပေရှိတဲ့ သံကူကွန်ကရစ်တံတား ဖြစ်ပြီးတော့ ခံနိုင်ဝန်ဟာ(၆၀)တန်ဖြစ်ပါတယ်။ ယခင်မူလဖောင်ကူး တံတားက နှစ်လွှာသုံးထပ် ဘေလီ သံဘောင်တံတားဖြစ်ပြီးတော့ အရှည်(၂၆၀)ပေ ရှိပါတယ်။ တံတားခံနိုင်ဝန်ကလည်း (၁၃)တန်ပဲ ဖြစ်ပါတယ်။ သို့ရာတွင်မူလတံတားက ဖြတ်သန်းခ မကောက်ခံခြင်းမှာ အဆင့်မမီ၍ခံနိုင်ဝန် (၁၃) တန်သာ ရှိသည်မဟုတ်ဘဲနဲ့ လမ်းတံတားဖြတ်သန်းခ ကောက်ခံသည့်စနစ် စတင်ကာစ ဖြစ်ပြီး မပီပြင်သေးတဲ့အတွက် လွှမ်းခြုံနိုင်စွမ်း မရှိခြင်းကြောင့် ကျန်ခဲ့ခြင်းသာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကောက်ခံမှုဟာ တံတားဖြတ်သန်းခဖြစ်ပြီးတော့ အခွန်မဟုတ်ဘဲ အခသာကောက်ခံခြင်းဖြစ်ပါတယ်။ အခွန်ကောက်ခံတဲ့ လုပ်ငန်းတွေမှာတော့ အရင်းအနှီးမပါဝင်သော်လည်း အခအဖြစ်ကောက်ခံတဲ့လုပ်ငန်းတွေမှာ တော့ ငွေကြေး၊ ပစ္စည်း၊ လုပ်အား၊ စက်ယန္တရား၊ အချိန်စတဲ့ အရင်းအနှီးများကို နိုင်ငံတော်က ကျခံ သုံးစွဲရင်းနှီးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီကုန်ကျစရိတ်တွေ၊ အရင်းအနှီးတွေ ပြန်လည်ရရှိစေရန်နှင့် အဆိုပါ ကောက်ခံရရှိတဲ့ငွေတွေကို သုံးပြီးတော့ လမ်းနဲ့တံတားများအား ထိန်းသိမ်းရင်း၊ ပြုပြင်ရင်းနဲ့အဆင့်မြှင့်တင်ခြင်းများတို့ပြုလုပ်ရန် လမ်းနဲ့တံတား ဖြတ်သန်းခများ ကို ကောက်ခံရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ အာဆီယံစံနှုန်းဆိုတာနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် ၂၀၁၅ခုနှစ်မှာ ဖြစ်ပေါ်လာမည့် အာဆီယံနိုင်ငံများအတွင်း စီးပွားရေးကွန်ရက်ဖွဲ့ပြီးတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံသို့ ကုန်းလမ်းအားဖြင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီးတော့ လမ်းတံတားအဆင့်မြှင့်တင်ခြင်း၊ အသုံးပြုကြမည့် ယာဉ်များမှလည်း သတ်မှတ် စံချိန်စံညွှန်း၊ သတ်မှတ်စည်းကမ်းများဖြင့် အသိအမှတ်ပြု ကူးလူးယှက်သွယ်နိုင်ရန် လေ့ကျင့် အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်ပါတယ်ခင်ဗျား။ အာဆီယံ သဘောတူညီချက်စာချုပ်ကို ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့မှာ ဗီယက်နမ်နိုင်ငံ၊ ဟန်္နိုင်းမြို့မှာ ပဉ္စမအကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ စာချုပ်ချုပ်ဆိုရာမှာ မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်

ရေးထိုးပြီး စတင်ဆောင်ရွက်ရန် ဖြစ်သော်လည်းပဲ အကြောင်းအမျိုးမျိုးနဲ့ (၁၀) နှစ်ကာလဖြစ်တဲ့ ၂၀၁၉ ခုနှစ်မှသာ စတင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားများဟာ အာဆီယံအဆင့်မမီသေးသော်လည်း အာဆီယံနိုင်ငံများထဲမှာ ဝင်ရိုးတစ်ခုအလေးချိန် အများဆုံးဖြစ်တဲ့ (၁၀)တန်အထိ သတ်မှတ်ပေးရန် မသင့်တော်သေးသော်လည်းပဲ ယခုအချိန်မှာ (၁၀) တန်အထိ ကျွန်တော်တို့ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။ ကောက်ခံတဲ့ လမ်းတံတား ဖြတ်သန်းခနှုန်းထားကိုလည်း ပြန်လည်နှိုင်းယှဉ်ကြည့်ရင် အာဆီယံနိုင်ငံများအတွင်းသာမက အိမ်နီးချင်းနိုင်ငံများထက် စျေးနှုန်းအသက်သာဆုံးဖြစ်ပါတယ်။ အာဆီယံစံနှုန်းမမီတဲ့ လမ်း၊ တံတားများကိုပင် အာဆီယံစံနှုန်းများရဲ့ဝင်ရိုးအလေးချိန်အတိုင်း တိုးမြှင့်ပေးထားခြင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေလျှော့မှု တစ်ရပ် ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံ စံနှုန်းမမီသော လမ်း၊ တံတားတို့ကို ကုန် + ယာဉ် အလေးချိန်ကန့်သတ်မှုမရှိဘဲ ကြိုက်သလို တင်ဆောင်ခွင့်ပေးနေရမည်ဆိုလျှင် လမ်းများသည် ခင်းရင်းပျက်၊ ပြင်ရင်းပျက် စတဲ့ အပျက်သံသရာထဲမှ ရုန်းမထွက်နိုင်ဘဲ အာဆီယံစံနှုန်းမီလမ်း၊ တံတားအဖြစ် အဆင့်မြှင့်တင်နိုင်ခြင်းရှိနိုင်တော့မည်မဟုတ်ပါ၍ ဘက်ပေါင်းစုံမှစဉ်းစားချင့်ချိန်ပြီး အတည်ပြုထားသော လမ်း၊ တံတားဆိုင်ရာ မူဝါဒများဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၉-၆-၂၀၁၂) ရက်နေ့လမ်းဂိတ် (၂၃) ဂိတ် အားစစ်ဆေးရာမှာ စစ်တမ်းများအရ (၃၂၉၁၇) စီးမှာ စည်းကမ်းလိုက်နာတဲ့ယာဉ် (၃၂၅၃၀) စီး ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၉၈.၇၁) ရာခိုင်နှုန်းဟာ စည်းကမ်းလိုက်နာလျက် ရှိပါတယ်။ စည်းကမ်းမလိုက်နာတဲ့ ယာဉ်ဟာ (၃၈၇) စီး၊ ရာခိုင်နှုန်းအားဖြင့် (၁.၂၉) ဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက်လမ်း၊ တံတားဖြတ်သန်းခ ကောက်ခံမှုစနစ် အရှိန်ရအောင်မြင်နေပြီ ဖြစ်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ အများပြည်သူအကျိုးကို ရှေးရှုပြီး ဝိုင်းဝန်းကူညီပေးကြပါရန် လိုအပ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်မှ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်

ရှိ တနင်္သာရီမြစ်ကူးတံတားကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ ရှိပါက မည်သည့်အခါတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း လမ်းပေါ်မှာရှိတဲ့ အရှည်ပေ (၁၃၆၀)ရှိတဲ့ တနင်္သာရီမြစ်ကူးတံတားဟာအောက်ထည် သံကူကွန်ကရစ်တိုင်နဲ့ အပေါ်ထည်ဘေလီအမျိုးအစား တည်ဆောက်ခဲ့ပြီး နိုဝင်ဘာလ (၁၂) ရက် ၂၀၀၀ ပြည့်နှစ်မှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ တနင်္သာရီတံတားဟာ (၁၀၀)ပေ ခန်းဖွင့် (၁၀)ခန်း၊ (၉၀) ပေ ခန်းဖွင့် (၄) ခန်းနဲ့ စုစုပေါင်းအရှည်ပေ (၁၃၆၀) ရှိပါတယ်။ (၁၀၀)ပေခန်းဖွင့်များကိုသုံးလွှာတစ်ထပ် ဘေလီဖြင့်လည်းကောင်း၊ (၉၀)ပေ ခန်းဖွင့်များကို နှစ်လွှာတစ်ထပ် ဘေလီဖြင့်လည်းကောင်း တည်ဆောက်ထားရာ လက်ရှိ တံတားခံနိုင်ဝန်မှာ(၂၃)တန်ရှိပါတယ်။ အောက်ထည်သံကူ ကွန်ကရစ်တံတားတိုင်များကိုလည်း နှစ်လမ်းသွားအဖြစ် အခိုင်အမာ တည်ဆောက်ထားရှိပြီးသား ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြစ်ကူး တံတားကို အဆင့်မြှင့်တင်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါ။ နောင်တွင် နိုင်ငံတော်သို့ ရန်ပုံငွေတင်ပြတောင်းခံ ပြီးရရှိမှုအပေါ်မှာ မူတည်ပြီးတော့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဦးမိုးမြင့်မှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် သမုတ်ကျေးရွာနဲ့ လော့သော့ ကျေးရွာ ဆက်သွယ်တဲ့ မြစ်ကူးတံတားကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်-ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ သမုတ်မြစ်ကို ရှောင်ကွင်းပြီးတော့ လမ်းအရှည် (၂၅)မိုင်ရှိတဲ့ ဘုတ်မတော-ဒေါမ-ကဆင်းလမ်းကို ဖောက်လုပ်ထားပါတယ်။ ဘုတ်မတော ကဆင်းလမ်းပေါ်မှာရှိတဲ့ ကြံ့ခိုင်မှုအားနည်းတဲ့ တံတား (၃)စင်းဖြစ်တဲ့ အရှည် (၁၈၀)ပေ ရှိတဲ့ ပပြင်တံတား၊ အရှည် (၈၀)ပေရှိတဲ့ အလယ်ချောင်း တံတားနှင့် အရှည်(၅၀)ပေ ရှိတဲ့ ဒေါတံတားတို့ကို သံကူကွန်ကရစ်တံတားများ တည်ဆောက် ပေးပြီးတော့ လမ်းအရှည်(၁၀)မိုင်၊ (၆)ဖာလုံကိုလည်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဆောင်ရွက်လျက် ရှိပါတယ်။

ယခင်က ကတ္တရာလမ်းက (၅)မိုင် (၁)ဖာလုံ၊ ကျောက်လမ်း (၁၉)မိုင်(၇)ဖာလုံ ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း (၁၀)မိုင်၊(၆)ဖာလုံ တိုးတက်လာမှာဖြစ်သည့်အတွက် စုစုပေါင်း ကတ္တရာလမ်း (၁၅)မိုင်(၇)ဖာလုံ ကျောက်လမ်း(၉)မိုင်(၁)ဖာလုံ ရှိမှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီး ကျန်ရှိတဲ့ ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ် ဆက်လက် ဆောင်ရွက်ပြီးပါက သမုတ်မြစ်ကို ဖြတ်ကူးတဲ့ ဇက်ရေယာဥ်ကို အသုံးမပြုဘဲ မြိတ်မြို့ ရှောင်ကွင်းလမ်းမှ တစ်ဆင့် အချိန်တိုအတွင်း မြိတ်မြို့ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ သမုတ်မြစ်ကို ဖြတ်ကူးစရာမလိုဘဲ မြိတ်မြို့ကို အလွယ်တကူ ဆက်သွယ် သွားလာနိုင်တော့မှာ ဖြစ်တဲ့အတွက် သမုတ်မြစ်ကူးတံတားအား လောလောဆယ် ဆောက်လုပ်ရန် အစီအစဥ် မရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်းမှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့မေးမြန်းတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းရှိ အရှည်(၁၉)မိုင် (၄)ဖာလုံ အရှည်ရှိတဲ့ နမ့်စန်-မိုင်းစစ်ကားလမ်းကို ကောင်းမွန်အောင် ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ရေး လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဥ် ရှိ/မရှိ နှင့် ရှိခဲ့လျှင် ဘယ်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းမှာရှိတဲ့ နမ့်စန်-မိုင်းစစ်လမ်းဟာ အရှည်(၁၉)မိုင် (၄)ဖာလုံ ရှည်လျားပြီးတော့ ရှမ်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲမည့် လမ်းစာရင်းမှာ ပါဝင်ပါတယ်။ ၃၁-၃-၂၀၁၂ နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၃)မိုင်၊ ကျောက်လမ်း(၄)မိုင် (၄)ဖာလုံ၊ အမာခံလမ်း (၇)မိုင် (၄)ဖာလုံ၊ မြေလမ်း(၄)မိုင် (၄)ဖာလုံ၊ စုစုပေါင်း (၁၉)မိုင် (၄)ဖာလုံ ရှိပါတယ်ခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရရဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၈.၂၈)သန်း၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၅၃၄.၈၇၅)သန်း၊ စုစုပေါင်း ကျပ်(၅၄၃.၁၅၅)သန်းနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းများကတော့

သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းကို (၁၉)မိုင်၊(၄)ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မူလကျောက်လမ်းကနေပြီးတော့ ကတ္တရာလမ်းအဆင့် တည်ဆောက်ခြင်းကို (၂)မိုင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကတ္တရာလမ်းပျက်စီးမှု အနိမ့်အမြင့်ညှိပြီး ရေပိတ်လွှာ လောင်းခြင်းကို (၂)မိုင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မူလရှိနေတဲ့ မြေလမ်း(၄)မိုင်၊ (၄)ဖာလုံကို ကျောက်လမ်းအဖြစ် ခင်းကျင်းပြီးတော့ ထု-အခြေခံလွှာ အဆင့်ရောက်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ပျက်စီးနေတဲ့ လမ်းမျက်နှာပြင်ကိုလည်း ကျောက်ဖြည့်ခင်းကြိတ်ခြင်းကို (၄)မိုင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကြိုတင်ရော ကတ္တရာနဲ့ လမ်းပေါက်ဖာထေးခြင်းကို (၄၅၀၀)စတုရန်းပေ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာရှိတဲ့ သစ်သားတံတားများရဲ့ ဆွေးမြေ့နေတဲ့ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရမ်းများ လဲလှယ်ခြင်းကိုတော့ (၅)စင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျောက်စီကမ်းကပ်ခုံ (၅x၂၄) ပေ ရှိတဲ့ သံကူကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းကိုလည်း စုစုပေါင်း(၁၀)စင်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းလျာထားချက်များအရ ဘဏ္ဍာရေးနှစ်ကုန်မှာ မြေလမ်း (၄)မိုင်၊ (၄)ဖာလုံမှ အမာခံလမ်းအဆင့်ကိုလည်းကောင်း၊ ကျောက်လမ်း (၄)မိုင်၊ (၄)ဖာလုံအနက် (၂)မိုင်အား ကတ္တရာအဆင့်အဖြစ်လည်းကောင်း ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပြီးတော့ ကျန်လမ်းပိုင်းတွေရဲ့ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးမှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့မေးမြန်းတဲ့ မြို့ပြစီမံကိန်းများ ဦးစားပေးသတ်မှတ်ရာတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့အား ဦးစားပေးထည့်သွင်းရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးတိုင်းအတွင်းမှာရှိတဲ့ ခရိုင်/မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ရည်မှန်းလျက် မြို့ပြတည်ဆောက်ရေး လုပ်ငန်း

များကို စနစ်တကျ တည်ဆောက်သွားရန် ရည်ရွယ်ကြောင်းနှင့် ပဲခူးမြို့မှစတင်၍ မြို့ပြစီမံကိန်း Town Plan ရေးဆွဲပေးသွားရန်ဆိုပြီးတော့ အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် ပဲခူးမြို့ မြို့ပြစီမံကိန်း Town Plan ရေးဆွဲခြင်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ကနေပြီးတော့ ဇွန်လ ၂၅ ရက်ကနေပြီး ဇူလိုင်လ ၁၀ ရက်နေ့အထိ သွားရောက်ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပြီးတော့ ယခုအခါမှာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း သဘောထားပုံစံ (Concept Plan) နှင့်တကွ အစီရင်ခံစာကို ရေးဆွဲလျက်ရှိပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့လည်း ဂျာမဏီနိုင်ငံ Cologne University တို့အကြား MoU ရေးထိုးပြီးတော့ အတတ်ပညာပူးပေါင်းဖလှယ်ရေး အစီအစဥ်နဲ့ ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ လူဦးရေ တစ်သိန်းအထက် မြို့ကြီးများနဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေး အချက်အချာကျတဲ့ မြို့များရဲ့ မြို့ပြဆိုင်ရာ လူမှုစီးပွားရေး အချက်အလက်များကို မြို့ပေါင်း (၅၆)မြို့ စာရင်းကောက်ယူပြီး မြို့ပြကွန်ရက် ထူထောင်ရေးအစီအစဥ်မှာ ပဲခူးတိုင်းဒေသကြီး အတွင်းရှိတဲ့ ပဲခူး၊ ပြည်နဲ့ တောင်ငူမြို့ကြီး (၃)မြို့ ပါဝင်မှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ပွင့်လင်းရာသီ အချိန်မှာ ဦးစားပေးပြီး ကွင်းဆင်းကာ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနဲ့ ညှိနှိုင်း၍ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြရင်း ကျွန်တော်ရဲ့ ရှင်းလင်း တင်ပြချက်များအား နိဂုံးချုပ် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။အခု အစည်းအဝေးကို ခေတ္တ(၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း

**အချိန်။ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ အကြံပြု ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၃၀။**

**ဦးတင်ယု (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ကျွန်တော် ဦးတင်ယု ဖြစ်ပါတယ်။ ကော်မတီ၏ကိုယ်စား အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ် တင်ပြချက် အစီရင်ခံစာအား ဖတ်ကြားသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို ၃၀-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားခဲ့ ပါတယ်။ ယင်းနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုချက် ဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာ လေ့လာစိစစ်၍ အစီရင်ခံစာ တင်ပြအပ်ပါတယ်ခင်ဗျား။

**လေ့လာတွေ့ရှိချက်များ**

၂။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးသည့် ဒေါက်တာ ခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ဆွေးနွေးချက် များအပေါ် အောက်ပါအတိုင်းညှိနှိုင်းသဘောတူခဲ့ပါသည်။

(က) ဤဥပဒေကြမ်း၏အခန်း(၆) သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဌာန များ၊ မှတ်ပုံတင်ခြင်းနှင့် တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်းသည့်အကြောင်းအရာ များကို နည်းဥပဒေရေးဆွဲရာတွင် အသေးစိတ် ဖော်ပြပေးပါရန် ဒေါက်တာ ခင်ရွှေ ၏ တင်ပြချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူညီခဲ့ပါသည်။

(ခ) ဤဥပဒေကြမ်း ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)တွင် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့် အောက်ရှိ အလုပ်သမားများအား ပေးချေရသည့် စုစုပေါင်းလုပ်ခလစာ၏(၀.၅)%အောက် မနည်း၊ (၂)%ထက်မများသောပမာဏနှင့် ညီမျှသည့်ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေး အဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်ဆိုသည့် ဖော်ပြချက်အစား စုစုပေါင်း လုပ်ခလစာ၏ (၀.၅)% ပမာဏနှင့် ညီမျှသည့်ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေး

အဖြစ် လစဉ် မပျက်မကွက် ပေးသွင်းသင့်ကြောင်း ဒေါက်တာ ခင်ရွှေ ၏ ဆွေးနွေး တင်ပြချက်ကို ကော်မတီက သဘောတူညီခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ၃၀-၇-၂၀၁၂ ရက်နေ့က လွှတ်တော်သို့ တင်ပြခဲ့သည့် မူလအစီရင်ခံစာ တွင်ပါဝင်သည့် ဖော်ပြထားချက်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)နှင့် ညှိနှိုင်းသဘောတူညီချက်များအား ဖြည့်စွက် ပြင်ဆင်ခြင်းများကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်အကိုင် ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်- အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၂ ခုနှစ်၊ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ။) ၁၃၇၄ ခုနှစ် လ ရက် (၂၀၁၂ ခုနှစ် လ ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၁)၊ အပိုဒ် ၁(က)၊(ခ)၊ အပိုဒ် ၂

၁။ (က) ဤဥပဒေကို **အလုပ်အကိုင်ရရှိရေးနှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

**( ခ )ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ် သည့် နေ့ရက်တွင် စတင်အာဏာတည် စေရမည်။**

၂။ **အောက်ပါ စကားရပ်များသည် ဤဥပဒေအလို့ငှာ ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-** ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁(က)၊(ခ)၊ အပိုဒ် ၂ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁(က)၊(ခ)၊ အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် - အခန်း(၂)၊ အပိုဒ် ၄(က)(၂) "အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရန်သော်လည်းကောင်း၊ အလုပ်အကိုင်ရှာဖွေသူအား ကူညီရန်နှင့် သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်အားကူညီပေးရန်သော်လည်းကောင်း၊ **အစိုးရ**အလုပ်အကိုင်နှင့် **အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ၊ အလုပ်သမားများအပေါ် အခမဲ့ဝန်ဆောင်မှုပေးသော ပုဂ္ဂလိက ပြည်တွင်းအလုပ်အကိုင်စုဆောင်းရေး အေဂျင်စီအား ခွင့်ပြုချက်ပေးခြင်းဖြင့် ဖြစ်စေ၊** အခြားနည်းဖြင့်ဖြစ်စေ လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်နိုင်သည်" ဟု ပြင်ဆင် ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(က)(၂) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(က)(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၄)၊ ခေါင်းစဉ် အခန်း(၄) အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ ခေါင်းစဉ် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၄)၊ အပိုဒ် ၇(င)၊ ၈၊ ၉

၇။ ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်း တာဝန်များနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ပေးရမည်

(င) အလုပ်အကိုင်**ရရှိရေးအဖွဲ့**နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်ခြင်း၊

၈။ ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အကိုင် **ရရှိရေးအဖွဲ့** ကို ဖွဲ့စည်းရမည်-

၉။ အလုပ်အကိုင် **ရရှိရေးအဖွဲ့**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် - ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇(င)၊ ၈၊ ၉ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇(င)၊ ၈၊ ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈)၊ အပိုဒ် ၃၀(က)

"စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည် ယင်း၏ လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအား ပေးချေရသည့် စုစုပေါင်းလုပ်ခ၊ လစာ၏ **သုည ဒသမ ငါး ရာခိုင်နှုန်း** ပမာဏနှင့်ညီမျှသည့်ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၀(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၉)၊ အပိုဒ် ၃၇

**၃၄**။ မည်သူမဆို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကို အတုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မိုက်တောင်းပါ။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြောလေ။ အကျိုးအကြောင်းပြောလေ။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ပြစ်ဒဏ်သိပ်များလွန်းနေပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြစ်ဒဏ်များလွန်းတာလား။ ဘယ်လောက်ထားချင်တာလဲ။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။တစ်ဝက်လောက်ပဲ ထားချင်ပါတယ်။ အဲဒီ ပြစ်ဒဏ်ရဲ့ တစ်ဝက်လောက်ပဲ ထားချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။(၃)နှစ်ခွဲ ဖြစ်နေမှာပေါ့။ (၃)နှစ်ဖြင့် (၃)နှစ်ပေါ့။ (၄)နှစ်ဖြင့် (၄)နှစ်ပေါ့။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။(၂)နှစ်လောက်ပဲ ကောင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။(၂)နှစ်။ ကောင်းပြီ။ မဲခွဲမယ်။ တစ်ခါထဲ ပြတ်သွားအောင် မဲခွဲမယ်။ နော်။

အခန်း(၉)၊ အပိုဒ် ၃၇

**၃၄**။ မည်သူမဆို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကို အတုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဒါ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ အခု ဦးသန်းဆွေ ရဲ့ အဆိုပြုချက်အရ ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟုပြင်ဆင်ထားပါတယ်။ ဒီ နှစ်ခုကို မဲခွဲမှာဖြစ်ပါတယ်။ အဲဒီတော့ စက်ခလုတ်အသုံးပြုပြီးတော့ မဲဆန္ဒယူပါ့မယ်။ ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုထောက်ခံတယ်ဆိုရင် အစိမ်းရောင်ကို နှိပ်ဖို့ဖြစ်ပါတယ်။ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကို ထောက်ခံတယ်ဆိုရင် အနီရောင် ခလုပ်နှိပ်ဖို့ဖြစ်ပါတယ်။ အခု ဆန္ဒမဲပေးဖို့ အသင့်ရှိကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ အဲတော့ ထောက်ခံ(၉၅)၊ ကန့်ကွက်(၉၅)ဖြစ်တဲ့အတွက် အဆုံးအဖြတ်ကို ဥက္ကဋ္ဌ က နည်းဥပဒေအရ မဲပေးရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌ မဲပေးပါမယ်။ ဒီက မဲပေးလို့ မရ ဖြစ်နေတယ်။ အပေါ်ကိုပြောလိုက်လေ။ မဟုတ်ပါဘူး ကတ်စီးဘုတ် ဥက္ကဋ္ဌ ကိုပေးလိုက်ပြီးတာပဲ။ ဘယ်သူကပြောလဲ အစကပေးရမယ်လို့။ အပေါ်က ဥပဒေပညာရှင်လား။ ကောင်းပြီ ဥက္ကဋ္ဌ ကထောက်ခံပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံမဲ(၉၆)မဲ၊ ကန့်ကွက်မဲ(၉၅)မဲ၊ ကြားနေမဲ(၉)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက်

အခန်း(၉)၊ အပိုဒ် ၃၇

**၃၄**။ မည်သူမဆို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကို အတုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုတဲ့ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အသစ်ဖြည့်စွက်ချက်-

အခန်း(၉)၊ အပိုဒ် ၃၅၊ ၃၆

**၃၅**။ ပုဂ္ဂလိက ပြည်တွင်း အလုပ်အကိုင်စုဆောင်းရေး အေဂျင်စီ၏ တာဝန်ရှိသူ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုမိန့် မရှိဘဲ အလုပ်အကိုင် စုဆောင်းရေးလုပ်ငန်းကို လုပ်ကိုင်လျှင်ဖြစ်စေ၊ အလုပ်သမားထံမှ အခကြေးငွေ ရယူဆောင်ရွက်လျှင်ဖြစ်စေ၊ ပြစ်မှု

ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှအများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဟု အသစ်ဖြည့်စွက်ထားပါတယ်။

ဒီ အသစ်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က  သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၅၊ ၃၆ အသစ်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

အသစ်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၅၊ ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉)၊ အပိုဒ် ၃၄၊ ၃၅(က)၊(ခ)၊ ၃၆

၃၇။ မည်သူမဆို အလုပ်အကိုင် သို့မဟုတ် အလုပ်သမား ရရှိရန်အလို့ငှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတစ်ခုခု သို့မဟုတ် အဆိုပါရုံးဆိုင်ရာ ကိစ္စရပ်များအတွက် ကိုယ်စားဆောင်ရွက်နေသူ တစ်ဦးဦးထံ မမှန်ကြောင်းသိလျက်နှင့် မမှန်သော

ဖော်ပြချက်ကိုဖြစ်စေ၊ မမှန်သော ပြောဆိုချက်ကိုဖြစ်စေ တင်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို **တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည် ။

၃၈။ မည်သည့်အလုပ်ရှင်မဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံး ဖြစ်စေ** ချမှတ်ရမည်-

(က) ပုဒ်မ၅ ၊ ပုဒ်မခွဲ (က)အရ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရန် ပျက်ကွက်ခြင်း၊

( ခ ) ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရပေးသွင်းရမည့် ထည့်ဝင်ကြေးပေးသွင်းရန်ပျက်ကွက်ခြင်း။

၃၉။ မည်သူမဆို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ပါ အချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို **သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံး ဖြစ်စေ** ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မိုက်တောင်းပါ။

**ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ကျွန်တော်တို့ အလုပ်ရှင်တွေအတွက်ကို တော်တော်လေး လုပ်ရကိုင်ရတာ တော်တော်လေး ခက်သွားတဲ့ အတွက်-

**ဥက္ကဋ္ဌ**။ ။ဘယ် အပိုဒ်လဲ။ ဘယ် အပိုဒ်လဲ။

**ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။အဲဒီ ဒီအလုပ်သမားတွေ။

**ဥက္ကဋ္ဌ**။ ။မဟုတ်ဘူး။ ဘယ်အပိုဒ်လဲ။ ၃၈ လား ၃၉လား။

**ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။၃၈။

**ဥက္ကဋ္ဌ**။ ။ ၃၈။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့။ ကျွန်တော့်မှာတော့ မရှိပါဘူး။ အဲဒီမှာကို ဒီ အလုပ်ရှင်ကနေပြီးတော့ အလုပ်သမားတွေ ခန့်ပြီးရင် ခန့်တဲ့ ဒီ လျှောက်လွှာကို ပို့ရမယ်ဆိုတဲ့အပိုဒ်ပါ။ နောက်တစ်ခါ ငွေကိုတစ်လအတွင်း အချိန်မီမပေးနိုင်ဘူးဆိုရင်

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ ၃၈ မှာ အဲဒါ မပါဘူး။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။၃၈ လား ကျွန်တော့်မှာတော့ မရှိဘူး။ ၃၉လား၊ ၃၈ လား ဖတ်သွားတဲ့ထဲမှာတော့ ပါတယ်။ ကျွန်တော့်မှာတော့ အဲဒီ စာရွက်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ပြန်ဖတ်ပြမယ်။ ပြန်ဖတ်ပြမယ်။ နော်။

**ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။သေချာမှတ်ထားနော်။ တော်ကြာ ငိုက်နေပြီးတော့မှ မသိလိုက်ဘူး ဖြစ်နေမယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉)၊ အပိုဒ် ၃၄၊ ၃၅(က)၊(ခ)၊ ၃၆

**၃၇**။ မည်သူမဆို အလုပ်အကိုင် သို့မဟုတ် အလုပ်သမား ရရှိရန်အလို့ငှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံးတစ်ခုခု သို့မဟုတ် အဆိုပါ ရုံးဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားဆောင်ရွက်နေသူ တစ်ဦးဦးထံ မမှန်ကြောင်းသိလျက်နှင့် မမှန်သော

ဖော်ပြချက်ကိုဖြစ်စေ၊ မမှန်သော ပြောဆိုချက်ကိုဖြစ်စေ တင်ပြကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို **တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်။

**၃၈**။ မည်သည့်အလုပ်ရှင်မဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံး ဖြစ်စေ** ချမှတ်ရမည်-

(က) ပုဒ်မ၅ ၊ ပုဒ်မခွဲ(က)အရ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရန် ပျက်ကွက်ခြင်း၊

( ခ )ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က) အရ ပေးသွင်းရမည့် ထည့်ဝင်ကြေး ပေးသွင်းရန် ပျက်ကွက်ခြင်း။

**၃၉**။ မည်သူမဆို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ပါ အချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်ဆိုတာ ခင်ဗျား ခုနက ဆွေးနွေးတာ တစ်ချက်မှ မပါဘူး။

**ဒေါက်တာခင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့။ ၃၈ မှာ ၅(က)ရယ်၊ ၅(ခ)ရယ် ခုနက ဖတ်သွားတာ။

**ဥက္ကဋ္ဌ**။ ။ပြောလေ၊ ပြောလေ။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့။ ၅(က) က ဒီ မည်သူမဆို ခုနတုန်းက အလုပ်ရှင်ကနေပြီးတော့ ခုန ကျွန်တော်တော့ မမှတ်မိ တော့ဘူး။ အလုပ်ရှင်ကနေပြီးတော့ ခုနက ခန့်တဲ့ ဒီ စာချုပ်ကို ပျက်ကွက်တယ်၊ ပေးဖို့ပျက်ကွက် တယ်၊ နောက်(ခ)က ငွေသွင်းဖို့ပျက်ကွက်တာရယ်၊ အဲဒီ နှစ်ခုမှာ ထောင်ဒဏ်နဲ့ ငွေဒဏ်ကို ချထားတာ နည်းနည်းများနေပါတယ်။

**ဥက္ကဋ္ဌ**။ ။ခြောက်လ ပဲ။

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ဟုတ်ကဲ့။ ခြောက်လဆိုတော့။ ဝန်ထမ်းတစ်ယောက်က။

**ဥက္ကဋ္ဌ**။ ။ဘယ်လောက် ချချင်လို့လဲ။

**ဒေါက်တာခင်ရွှေရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ထောင် တော့ မချသင့်ပါဘူး။ ငွေဒဏ်လောက်ပဲ အများဆုံး ချသင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ထောင်ဒဏ် မပါဘူးပေါ့။

**ဒေါက်တာခင်ရွှေရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။မပါပါ ခင်ဗျား။ ဝန်ထမ်းတစ်ယောက်က။

**ဥက္ကဋ္ဌ**။ ။ဒီ ကိစ္စက ဟိုနေ့က ဆွေးနွေးထားတော့လည်း ဒီကိစ္စတွေ မပါဘူး။

**ဒေါက်တာခင်ရွှေရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ပါတယ် ခင်ဗျား။ အဲဒါတွေလည်း ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးတာ မပါဘူးလား။

**ဒေါက်တာခင်ရွှေရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ပါပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပါတော့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတော့ မပါဘူးလား။

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။များပါတယ်လို့ ကျွန်တော်ပြောပါတယ်။ ကျွန်တော် အဲဒီ အတိုင်းသာ လုပ်မယ်ဆိုရင် ။

**ဥက္ကဋ္ဌ**။ ။ပြောစရာရှိလား။ ပြောလေ။ မိုက်တောင်းပါ။ မိုက်ဖွင့်လေ။

**ဦးမြညိမ်း**။ ။ဒေါက်တာခင်ရွှေ လည်းဆွေးနွေးပါတယ် ခင်ဗျား။ ကျွန်တော်တို့နဲ့ လည်း အကြေအလည်ဆွေးနွေးပါတယ်။ အဲတော့ ဒီမှာက ထောင်ဒဏ်ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေဆိုတာက ထောင်က Imprisonment က Compulsory မဟုတ်ပါဘူး။ ထောင်ဒဏ်ချကိုချရမယ် မဟုတ်ပါဘူး။ ထောင်ဒဏ်ခြောက်လ ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊

ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဆိုပြီး ကျွန်တော်တို့ အဲဒီလိုပဲ ရေးထားပါတယ်။ အဲတော့ ခြောက်လထဲဆိုတော့ ထောင်ဒဏ်ကို လုံးဝချရမယ်လို့ မပါပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလို ထည့်ထားတာပါ။

**ဥက္ကဋ္ဌ**။ ။ဦးခင်ရွှေ က အလုပ်ရှင် ဖြစ်နေတာကို ။ အလုပ်ရှင်ဘက်ကကြည့်တဲ့ သဘောပါ။

**ဦးမြညိမ်း**။ ။ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။အဲဒီတော့ မဲခွဲပေးမယ်။ မဲခွဲပေးမယ်။ နော်။ ဒီဥစ္စာကို (၃၈) ကို သီးခြားမဲခွဲပါမယ်။ (၃၈) မှာ မည်သည့်အလုပ်ရှင်မဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်-

(က) ပုဒ်မ ၅ ၊ ပုဒ်မခွဲ(က)အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် ချုပ်ဆိုရန် ပျက်ကွက်ခြင်း၊

( ခ)ပုဒ်မ ၃၀ ၊ ပုဒ်မခွဲ (က) အရ ပေးသွင်းရမည့် ထည့်ဝင်ကြေး ပေးသွင်းရန် ပျက်ကွက်ခြင်း။

ဒီ အတွက်ကို ဦးခင်ရွှေ က ထောင်ဒဏ်မထည့်ဖို့ ငွေဒဏ်ပဲထည့်ပါဆိုပြီးတော့ အဆိုထပ်ပြီးတော့ ပြပါတယ်။ အဲဒီအတွက် အခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ **ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊** ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့ ပုဂ္ဂိုလ်များ အစိမ်းရောင်ကို နှိပ်ပါ။ ထောင်ဒဏ်မပါပဲနဲ့ **ငွေဒဏ် အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊** ဆိုတဲ့ ဦးခင်ရွှေ ရဲ့ ပြင်ဆင်ချက်ကိုထောက်ခံတဲ့ ပုဂ္ဂိုလ်များ အနီရောင်ကိုနှိပ်ပါ။ ယခု ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၃၄)၊ ကန့်ကွက်မဲ(၆၀)နဲ့ ကြားနေမဲ(၆)မဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထောင်ဒဏ် **ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊** ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုတဲ့ ၃၈ အတည်ဖြစ်သည်။ (သြဘာသံများ)

အဲတော့ ၃၇ နဲ့ ၃၉ ခုနက ဖတ်ကြားပြီးဖြစ်ပါတယ်။

၃၇ နဲ့ ၃၉ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၄၊ ၃၅(က)(ခ)၊ ၃၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၇၊ ၃၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

## အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ** ။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အလုပ်သမားများ

အတွက် သင့်လျော်မှန်ကန်သော အလုပ်အကိုင်များရရှိစေရန်၊ အလုပ်သမားများအား ကျွမ်းကျင်မှုတိုးတက်မှုရရှိစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန် နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်မှုလက်မှတ်များရရှိသော အလုပ်သမားများ မွေးထုတ်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်ရရှိရေးနဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို ကျွန်တော်က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ ခုနက ထောက်ခံနဲ့ ကန့်ကွက် တိုက်ဆိုင်တဲ့ ကိစ္စဟာ ရှားပါးတဲ့ ကိစ္စပါ။ စက်နဲ့ အစ၊ အဆုံး ပြန်ပြီးတော့ မဲပေးမယ်ဆိုရင် ဒီအဖြေ ထွက်ချင်မှ ထွက်မယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌ က နှုတ်နဲ့ပဲ မဲပေးလိုက်ရတယ်၊ ပြောင်မဲပေးစနစ် ဖြစ်ပါတယ်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဒေါက်တာကျော်ကျော်ဌေး (အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းကို စဉ်းစားဆွေးနွေးရန် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌရဲ့ ကိုယ်စား အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေး စဉ်းစားပါရန် အဆို တင်သွင်းသွားပါတယ်။ ယင်းအဆိုကို ကျွန်တော် ဦးတင်ရှန်၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ထောက်ခံအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ယနေ့ ဖတ်ကြား တင်သွင်းခြင်း မပြုဘဲ ဥပဒေကြမ်းကို ဆွေးနွေးမယ့်နေ့မှ အသေးစိတ် ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အစည်းအဝေး(၂၄)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊

ဩဂုတ်လ ၁၃ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]